## Quarantine Centre အဖြစ်သတ်မှတ်ထားသည့် ဖုန်ဂန်ရာဇီ အမျိုးသားအဆောင်တွင်

အမျိုးသားတစ်ဦး ပိုက်ဆံနှင့် လက်ကိုင်ဖုန်း လိမ်လည်ထွက်ပြေး

စာ .. ၅ သို့ »

## ဝိုင်းမော်မြို့တွင် အဆင့်မြင့် စူပါမားကက်ကို

နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်

စာ .. ၂ သို့ »


# မြစ်ကြီးနားသတင်းဂျာနယ်

မြစ်ကြီးနားသတင်းဂျာနယ်ကို KBZ Pay ဖြင့် ငွေပေးချေပြီး ဝယ်ယူဖတ်ရှုနိုင်ပြီ

အတွဲ (၇)၊ အမှတ် (၈) | ‘ကချင်ပြည်နယ်၏ ပထမဦးဆုံး လွတ်လပ်သော သတင်းစာ’ | (မေ ၁၅၊ ၂၀၂၀)

နှစ်ပါတ်တစ်ကြိမ်၊ ဒုတိယအပတ် သောကြာ | www.myitkyinanewsjournal.com | http://www.facebook.com/myitkyinanewsjournal.mm | Youtube - myitkyinanewsjournal


# COVID-19 လူနာအမှတ် ၁၄၄ ဆေးရုံဆင်းပြီး Quarantine နှစ်ပတ် ဆက်လက် ဝင်နေ




ဓာတ်ပုံ – Zau Ring Hpra

လူနာအမှတ် ၁၄၄၊ မေ ၁၁ ရက်နေ့ ဆေးရုံမှဆင်းပြီး Facility Quarantine သို့ပြောင်းရွှေ့

စာ .. ၅ သို့ »



## လက်ကိုင်စက်လွှ အသုံးပြုခွင့် မှတ်ပုံတင်ထားခြင်း မရှိသူများကို မေလ (၁၅) ရက်နေ့နောက်ပိုင်း အရေးယူမည်

စာ .. ၆ သို့ »

## ဝိုင်းမော်တွင် ရေပိုက်ကိစ္စနှင့် အချင်းများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည့်အမှု

တရားမျှတသည့် တရားစီရင်မှုရရှိရန် မိသားစုများ လိုလား

စာ .. ၃ သို့ »

## FDA က အရည်အသွေးမပြည့်မီဟု

ထုတ်ပြန်ထားတဲ့ Mask များ covid-19 ရောဂါကို ကာကွယ်မပေးနိုင်

စာ .. ၂ သို့ »

## မြစ်ကြီးနားမြို့တွင် mask မတပ်သူများကို အရေးယူဆောင်ရွက်မည်

စာ .. ၁၃ သို့ »

# FDA က အရည်အသွေးမပြည့်မီဟု ထုတ်ပြန်ထားတဲ့ Mask များ covid-19 ရောဂါကို ကာကွယ်မပေးနိုင်



မေ ၁၂

အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)မှ သုံးစွဲရန်မသင့်ကြောင်းထုတ်ပြန်ထားသည့် Mask (နှာခေါင်းစည်း) များသည် လက်ရှိဖြစ်ပွား covid-19 ရောဂါကို ကာကွယ်ပေးနိုင်ရန် အာမခံချက်မရှိကြောင်း ကချင်ပြည်နယ် အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန FDA မှ ဦးစီးအရာရှိ ဒေါ်မီမီထွေး (ဆေးဝါးဆေးပစ္စည်းနဲ့ အလှကုန်ဌာန)က ပြောသည်။

Mask ဗူးခွံတွင် တရုတ်စာနှင့် ဖော်ပြထားသည့် နှာခေါင်းစည်းများသည် ကြိုးပြုတ်လွယ်ခြင်း၊ ပြန်ကပ်ထားသည့် ကော်ရာများကို တွေ့ရခြင်း၊ ဗူးခွံတွင် ထုတ်လုပ်ထားသည့် ကုမ္ပဏီနာမည်၊ နိုင်ငံနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ်များ ဖော်ပြထားမှုမရှိသည့် Mask ကို သုံးစွဲရန် မသင့်ကြောင်း FDA က ဧပြီလ ၃၀ ရက်နေ့မှာ ထုတ်ပြန်ထားခြင်း ဖြစ်သည်။

ထုတ်ပြန်ထားသည့် Mask များသည် အရည်အသွေးမမီကြောင်း သတ်မှတ်ထားသည့်အတွက် လက်ရှိဖြစ်ပွားနေသော covid-19 ရောဂါကို ကာကွယ်ပေးနိုင်ဖို့ အာမခံချက်မရှိကြောင်း ဒေါ်မီမီထွေးက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"တရုတ်စာတမ်း ပါတဲ့ Mask သုံးလို့မရဘူးလို့ ဆိုလိုတာ မဟုတ်ဘူး။ ယုံကြည်စိတ်ချရတဲ့ ပစ္စည်းမဟုတ်တဲ့အတွက် အစ်မတို့က သုံးစွဲရန်မသင့်လို့ ကြေညာထားတာဖြစ်တယ် ပေါ့နော်။ ပစ္စည်းဝယ်တဲ့အခါ သေချာကြည့်ပေါ့နော်"ဟု ၎င်းက ပြောသည်။

ပြည်သူများအနေဖြင့် ဈေးကွက်တွင် ရောင်းချနေသည့် Mask များကို ဝယ်ယူသည့်အခါ ကုန်ပစ္စည်းအမျိုးအမည်၊ ကုမ္ပဏီနာမည်၊ နိုင်ငံနှင့် ထုတ်လုပ်သည့်ရက်စွဲအပြည့်အစုံ ဖော်ပြထားသည့် Mask များကိုသာ ဝယ်ယူသုံးစွဲသင့်ကြောင်း FDA ၏ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားသည်။

သို့သော် FDA ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည့် Mask များကို ဈေးကွက်တွင် ရောင်းချနေခြင်းကို အရေးယူဆောင်ရွက်ရန် အစီအစဉ်မရှိသေးကြောင်း ဒေါ်မီမီထွေးက ဆက်လက်ရှင်းပြသည်။

" FDA အနေနဲ့ကျတော့ လောလောဆယ်မှာ အရေးယူတာမရှိသေးဘူး ပေါ့နော်။ ဘာလို့လဲဆိုတော့၊ ဒီ မားစ်ကကျတော့ ဆေးပစ္စည်းမှာ ပါတာပေါ့နော်။ အစ်မတို့ ဒီဆေး ပစ္စည်းနဲ့ပတ်သတ်ပြီး အခုမှပဲ Law တွေ တည်ဆောက်နေတဲ့ ကာလပဲ ရှိသေးတယ်"ဟု ၎င်းက ပြောသည်။

Mask အမျိုးအစားများစွာ ရှိသည့်အနက် ကျန်းမာရေးဝန်ကြီးဌာနမှ ကြေညာထားသည့် Mask ၃ မျိုးဖြစ်သည့် ချည်သား သို့မဟုတ် လီနင်သားဖြင့် ချုပ်လုပ်ထားသည့် နှာခေါင်းစည်း၊ ခွဲစိတ်ခန်းဝင်သည့်အခါမှာ အသုံးပြုသည့် surgical mask နှင့် N95 mask တို့ ဖြစ်ပြီး N95 mask က လေလုံပိတ်ထားသည့်အတွက် အသက်ရှူကြပ်စေခြင်းများကို ဖြစ်လာနိုင်စေသောကြောင့် လေ့ကျင့်ထားသည့် ကျန်းမာရေးဝန်ထမ်းများကသာ အသုံးပြုရမည့် နှာခေါင်းစည်းဖြစ်သောကြောင့် ပြည်သူများအနေဖြင့် သုံးစွဲရန် မသင့်ကြောင်း ဒေါ်မီမီထွေးက ဆက်ပြီး ရှင်းလင်းပြောဆိုသည်။

N95 mask သည် အပြင်မှအမှုန်များကို အထဲသို့ ၁% သာ ရောက်နိုင်ပြီး surgical mask သည် အပြင်မှ အမှုန်အထဲသို့ မဝင်ရောက်ရန် ၂၅% ကာကွယ်ပေးပြီး ချည်သားဖြင့် ပြုလုပ်ထားသည့် နှခေါင်းစည်းသည် ၃၃% ကာကွယ်ပေးနိုင်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# ဝိုင်းမော်မြို့တွင် အဆင့်မြင့် စူပါမားကက်ကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်




မေ ၁၂

ဝိုင်းမော်မြို့နယ်တွင် အထပ် (၃)ထပ် ပါဝင်သည့် အဆင့်မြင့် စူပါမားကက်ကို ဗန်းမော်လမ်းမကြီးဘေးဧရာမော် ပန်းခြံဧရိယာတွင်၊ ဆောက်လုပ်နေပြီ ဖြစ်ကြောင်း ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

စူပါမားကက်ကို အလျား (၁၀၀)ပေနှင့် အနံ(၆၀)ပေ အကျယ်ရှိ မြေနေရာပေါ်တွင် စီမံကိန်းကာလ နှစ်နှစ်အတွင်း အပြီးသတ်တည်ဆောက်သွားမည် ဖြစ်ပြီး ဈေးဝယ်စင်တာ၊ ရုပ်ရှင်ရုံ၊ ကလေးကစားကွင်းနှင့် စားသောက်ဆိုင်များ ပါဝင်မည်ဖြစ်ကြောင်း ဝိုင်းမော်မြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ထွေးက ပြောသည်။

"ရုပ်ရှင်ရုံနဲ့ မီနီစူပါမားကက်ကိုလည်း ဗန်းမော်လမ်းမကြီးရဲ့ ဘယ်ဖက်မှာ ကပ်ပြီး ဆောက်မယ်။ ရုပ်ရှင်ရုံကိုလည်း ကျောင်းနဲ့ အနည်းငယ် နီးတဲ့အတွက် ဆူညံမှုမရှိအောင် အသံလုံတဲ့စနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဦးတင်မောင်ထွေးက ဆိုသည်။

ယင်းသို့ တည်ဆောက်ရခြင်းမှာ ဝိုင်းမော်မြို့နယ်ကို အဆင့်မီသည့် မြို့တစ်မြို့ဖြစ်စေရန်အတွက် ဖြစ်ပြီး ပြည်သူထုနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကာ ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

စူပါမားကက် တည်ဆောက်ခြင်း ညလုပ်ငန်းကို လုပ်ငန်းရှင် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဖြစ်တစ်ခု ဖြစ်သည့် ဂမ်လွန်းကုမ္ပဏီကနေ ရာနှုန်းပြည့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေပြီး ကုန်ကျငွေကျပ် သိန်းတစ်သောင်းငါးထောင် ဝန်းကျင်ခန့် ခန့်မှန်းထားကြောင်း ဦးတင်မောင်ထွေးက ဆက်လက်ပြောသည်။

တည်ဆောက်သွားမည့် စူပါမားကက်အနီး ကျန်ရှိနေသည့် ပေ(၁၁၀) ရှိမြေနေရာတွင်လည်း နောက်ပိုင်း၌ အခြားစီမံကိန်းများ ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်းသိရပြီး၊ ရုပ်ရှင်ဇာတ်ကားများကိုလည်း ကြည့်ရှုသူပေါ် မူတည်ပြီး ရန်ကုန်၊ မန္တလေးမြို့များတွင် ပြသသကဲ့သို့ အချိန်နောက်မကျဘဲ ပြသသွားနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။ ■

Ah Je

# ဝိုင်းမော်တွင် ရေပိုက်ကိစ္စနှင့် အချင်းများရာမှ လူသတ်မှုဖြစ်ပွားခဲ့သည့်အမှု

## တရားမျှတသည့် တရားစီရင်မှုရရှိရန် မိသားစုများ လိုလား



မေလ ၁၁

ဝိုင်းမော်မြို့ ရပ်ကွက် ၅ တွင်နေထိုင်သည့် အိမ်နီးနားချင်း မိသားစုနှစ်စုသည် လမ်းမှတစ်ဆင့် နေအိမ်ကို သွယ်တန်းထားသော ရေပိုက်ကိစ္စနှင့် ပတ်သက်ပြီး အချင်းများရာမှ လူ(၂)ဦး ဓားထိုးမှုဖြစ်ပွားခဲ့သည့်အမှုကို မျှတသည့် တရားစီရင်မှုမျိုးရရှိလိုကြောင်း သေဆုံးသူတို့၏ သမီးဖြစ်သူ မမျိုးသန္တာဌေးက ပြောသည်။

"ဒီအမှုနဲ့ ပတ်သက်ပြီး မျှမျှတတ အစ်မတို့ဘက်က ဖြစ်သွားသလိုမျိုး သူတို့အတွက် ထိုက်တန်တဲ့အပြစ် ဖြစ်စေချင်တယ် ပေါ့နော်။ အဲဒီ တရားမမျှတတဲ့ဟာ အစ်မတို့ မိဘတွေလည်း သေရတာလေ အစ်မက ဆေးရုံမှာကိုး သူတို့အတွက် ထိုက်တန်တဲ့အပြစ် ပေးခိုင်းစေချင်တယ်"ဟု မမျိုးသန္တာဌေးက ပြောသည်။

မေလ (၇)ရက်နေ့က မိသားစုနှစ်စုသည် လမ်းကို ဖြတ်ပြီး သွယ်တန်းထားသော ရေပိုက်ကို ဆိုင်ကယ်ဖြင့် ဖြတ်သန်းသွားလာသည့်အတွက် ပိုက်ဖုံးအုပ်ထားသောနေရာမှ သွားလာပေးရန်နှင့် ပိုက်အလွတ်နေရာမှ မဖြတ်ကျော်ပေးရန် ပြောဆိုရာမှ မိဘနှစ်ပါး သေဆုံးခဲ့ရသည့်အထိ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း မမျိုးသန္တာဌေးထံမှ သိရသည်။

"အဲ့ဒီ လမ်းကနေ သူက (ရေပိုက်) ဖြတ်ကြိတ်တယ်။ အဲ့ဒါကြောင့် ကျွန်မမောင်လေးက မဖြတ်ပေးဖို့ သူတို့ကိုပြောတာ သူက အရှေ့ဖက်ကို ထွက်သွားပြီး ပြန်လာတယ်။ ပြန်လာပြီး ပြန်ကြိတ်တယ်။ ထပ်ချည်းတလဲလဲ ကြိတ်တယ်။ အဲ့ဒါကြောင့် မကျော်ပေးဖို့ ကျွန်မမောင်လေးက ပြောတာကို မင်းက ဘာလူပါး၀တာလဲ ဆိုပြီး တစ်ယောက်တစ်ခွန်း ပြောကြရင်းနဲ့ ကျွန်မအမေကြားလို့ ထွက်သွားပြီးတော့ ကျွန်မသားပြောတာ မှားတယ်။ တောင်းပန်ပြီး ကောင်းကောင်းမွန်မွန်ပြောလိုက်တယ်"ဟု မမျိုးသန္တာဌေးက ပြောသည်။

ယင်းသို့ တောင်းပန်ပြီးနောက် မမျိုးသန္တာဌေး နေအိမ်သို့သွယ်တန်းထားသည့် ရေပိုက်ကို တစ်ရပ်ကွက်ထဲနေ ဖိုးလုံး(ခ)ရဲနိုင်ထွန်းက ညနေ ၅ နာရီခွဲ အချိန်တွင် ဆိုင်ကယ် ဖြတ်မောင်းခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး မမျိုးသန္တာဌေး၏ မောင်ဖြစ်သူ ဇင်မင်းသူနှင့် စကားများခဲ့ရာမှ စတင်ကာ ဖိုးလုံး(ခ) ရဲနိုင်ထွန်း၊ ဖိုးပြုံး(ခ) ပြုံးမောင်မောင်တို့ ဓားတစ်ယောက်တစ်ချောင်းစီ ကိုင်ဆောင်လာသော ဂေါ်ညက်(ခ)မျိုးသန်းဦး၊ ဦးမောင်အေးတို့မှ ရေပိုက်ကို ခုတ်ဖြတ်ခဲ့ကြောင်း ဝိုင်းမော်ရဲစခန်း၏ မှတ်တမ်းအရ သိရသည်။

ယင်းနောက် ည (၇)နာရီခွဲ အချိန်တွင် ဂေါ်ညက်(ခ) မျိုးသန်းဦးက ဓားမြှောင် (၁) ချောင်း၊ ဖိုးလုံး(ခ) ရဲမင်းထွန်း၊ ဦးမောင်အေးနှင့် ဖိုးပြုံး(ခ) ပြုံးမောင်မောင်တို့က ဓားရှည် (၁)ချောင်းစီ၊ ဒေါ်သိန်းဝယ်က တုတ် (၁) ချောင်း၊ ဓားရှည် (၁)ချောင်း၊ ဖိုးလုံး(ခ) ပြည့်စုံအောင်က ကျောက်ခဲ စသဖြင့် ကိုင်ဆောင်လာကြပြီး မမျိုးသန္တာဌေးတို့ မိသားစုနေထိုင်သော နေအိမ်ခြံဝန်းရှေ့ကို ရောက်ရှိလာခဲ့ကြောင်း ဝိုင်းမော်ရဲစခန်း၏ ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

သေဆုံးသူတို့၏ မိသားစုဝင် ဖြစ်သူက "အိမ်ရှေ့ကို ဒုတိယတစ်ခေါက် လာကြတယ်၊ လာကြတဲ့အချိန် အမေက မောင်လေးနဲ့ ဖြစ်ထားတဲ့ ပြဿနာဖြစ်တော့ သူတို့ဖြေရှင်းမယ်၊ မောင်လေးကို အိမ်မှာပဲ နေခိုင်းလိုက်တယ်။အမေက 'ငါတို့ ရေသွယ်နေတာ အခက်အခဲ ဖြစ်နေလို့ပါ' တောင်းတောင်းပန်ပန်နဲ့ အဲ့လိုမျိုး ပြောတာပါ အဲဒီအချိန်မှာ အဆဲပေါင်းစုံနဲ့ ဆဲတာ တစ်မိသားစုလုံး ဆဲတာ။ ဆဲရုံတင်မကဘူး လက်တွေက ဓားတွေက တရွယ်ရွယ်နဲ့ ပေါက်တဲ့လူကပေါက်၊ အကုန်လုံးက အိမ်ရှေ့မှာ ခဲတွေရော ရှိတယ်။ ခဲတွေနဲ့ရော ထင်းချောင်းတွေနဲ့ရောပေါက်၊ အဲဒီအချိန် အိမ်ရှေ့မှာနွားလေးတစ်ကောင်ကလည်း ရုန်းရင်းဆန်ခတ် ဖြစ်နေတယ်။ အဲ့ဒီအချိန်မှာ အဖေနဲ့အမေက အပြင်ကိုထွက်လိုက်တယ်။ အဲဒီမှာ ထွက်ပြီး ငါတို့ တောင်းပန်တယ်။ နင်တို့ ဖြတ်ချင်တဲ့နေရာမှာ ဖြတ်လို့ ပြောလိုက်တယ်" ဟု မမျိုးသန္တာဌေးက ရှင်းပြပြောဆိုသည်။

အိမ်ရှေ့ ရောက်လာပြီး စိန်ခေါ် ပြောဆိုခဲ့ကြတဲ့လူတွေနှင့် ပြဿနာ မဖြစ်ရန် အတွက် အိမ်ရှေ့သို့ ထွက်လာပြီး တောင်းပန် ပြောဆိုခဲ့ကြသော မမျိုးသန္တာဌေးရဲ့ ဖခင်၊ မိခင်၊ အစ်မတို့ကို ဂေါ်ညက်(ခ)မျိုးသန်းဦးက ဓားဖြင့်ထိုးခဲ့ပြီး အတူပါလာသူတွေမှ တုတ်ဖြင့်ဝိုင်းရိုက်ခဲ့ခြင်းကြောင့် ဒဏ်ရာရှိကာ ဝိုင်းမော်ဆေးရုံသို့ ရောက်ရှိခဲ့ချိန်တွင် မမျိုးသန္တာဌေး၏ မိခင်နှင့်ဖခင်ဖြစ်သူတို့မှာ ပြင်းထန်သည့် ဒဏ်ရာများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တောင်းပန်တဲ့ကြားက နေပြီးတော့မှ အဖေနဲ့အမေကို လုပ်သွားလိုက်ကြတာ။ အမေကို လည်ပင်းကို ဒီလိုမျိုးကိုင်ပြီးတော့မှ သူ့သားကြီးကနေ သူကိုင်ထားတဲ့ ဓားနဲ့ တစ်ချက်ထိုးလိုက်တယ်။ အဲ့လိုထိုးနေစဥ်မှာပဲ သူ့အမေက ခေါင်းကိုတုတ်နဲ့ ရိုက်ပြီး သူ့သားကို သားသတ် မသေမချင်းသတ် ဆိုပြီး အမေ့ရဲ့ခေါင်းမှာအချက်ပေါင်းမနည်း ရိုက်လည်း ရိုက်တယ်။ လက်တွေမှာရောအကုန်ရိုက်တာ သူ့သားကလည်း ဓားတွေနဲ့ထိုးနေတယ် အချက်ပေါင်းများစွာ အမေ့ကို လုပ်နေတာ။ အဖေ့ကိုကျတော့ ဖိုးလုံးရယ် သူ့အဖေရယ် ဓားနဲ့ထိုးနောက်စေ့တွေမှာရော ရိုက်၊ မျက်နှာ ကလည်း ကွဲပြဲ။ အဖေလည်း အိမ်ထဲကို ပေါ့နော်၊ သူအရမ်းထိထားပြီဆိုတော့အိမ်ထဲကို ဝင်လာတာ" ဟု မမျိုးသန္တာဌေးက ပြောသည်။

သေဆုံးသူ၏ သမီးအကြီးဖြစ်သူမှာလည်း ပြဿနာဖြစ်ပွားနေချိန်တွင် သွားရောက်တားမြစ်ရာမှ ဓားထိုးဒဏ်ရာရရှိခဲ့ပြီး လက်ရှိအချိန်တွင် မြစ်ကြီးနားပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး ဥပဒေအရ အရေးယူပေးရန် မမျိုးသန္တာဌေးမှ တရားလိုပြုလုပ်ပြီး ရာဇသတ်ကြီးပုဒ်မ ၃၀၂ /၃၂၆/၃၂၃/၁၁၄ စသည့်ပုဒ်မ (၄)ခုဖြင့် အမှုဖွင့် တိုင်တန်းထားကြောင်း ဝိုင်းမော်မြို့နယ် ရဲစခန်းမှ သိရသည်။ ■

Ah Je



အယ်ဒီတာ့အာဘော်
Editorial

# Covid-19 နှင့် သတင်းအချက်အလက် ရယူခွင့်

မြန်မာနိုင်ငံမှာ Covid-19 စတင်ဖြစ်ပွားတဲ့ အချိန်က စပြီးတော့ ကချင်ပြည်နယ်မှာ သတင်းရယူဖို့ ပြောရေးဆိုခွင့်ရှိသူတွေ ခန့်ထားပေမယ့် အခုအချိန်ထိ သတင်းအချက်အလက် ရယူတဲ့နေရာမှာ အခက်အခဲဖြစ်နေဆဲပါ။ တချို့သောသူတွေက သတင်းတွေမေးမြန်းတဲ့အချိန်မှာ လိုလိုလားလားဖြေဆိုကြပေမယ့် တကယ့်ပြည်နယ်အတွက် ပြောရေးဆိုခွင့်ပေးထားတဲ့ ကျန်းမာရေးဝန်ထမ်းတစ်ချို့တော့ အကြောင်းအမျိုးမျိုးပြပြီးတော့ ရှောင်ခွာနေကြပါတယ်။ ဒါကြောင့်ပဲ ပြည်သူရဲ့သတင်းသိပိုင်ခွင့်၊ ရပိုင်ခွင့်တွေ ဆုံးရှုံးနေရပါတယ်။

မြစ်ကြီးနားသတင်းဂျာနယ် အပါအဝင် မြစ်ကြီးနားမြို့အခြေစိုက် သတင်းဌာနအချို့က Covid-19 သတင်းနဲ့ပတ်သက်ပြီး ပြည်သူတွေ အချိန်မီသိနိုင်ဖို့ ပြည်နယ်အစိုးရအဖွဲ့က လူမှုရေးဝန်ကြီးထံကို သတင်းထုတ်ပြန်ပေးနိုင်ဖို့ စာတစ်စောင် ပေးပို့ခဲ့ပါတယ်။

ဝန်ကြီးကလည်း ပြည်နယ်ကျန်းမာရေးအဖွဲ့က ပြောရေးဆိုခွင့်ရှိတဲ့သူတွေကို ကဏ္ဍအလိုက် တာဝန်ပေးခဲ့ပါတယ်။ သတင်းရနိုင်ဖို့အတွက် စာတင်ပါလို့ ဆိုတဲ့အချိန် မြစ်ကြီးနားသတင်းဂျာနယ်က ပြည်နယ်ကျန်းမာရေးဦးစီးဌာနရဲ့ ပြောရေးဆိုခွင့်ရှိတဲ့ ဒေါက်တာနော်ရှဲထာဆီကို လိပ်မူပြီး မေးခွန်း ၁၀ ခုပါဝင်တဲ့ စာတစ်စောင်ကို ဧပြီလ (၂၄)နေ့က ပေးပို့ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ အကြောင်းပြန်တာ မရှိသေးပါဘူး။

ပြည်နယ်ကျန်းမာရေး ဦးစီးဌာနရဲ့ တရားဝင် လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ Department of Public Health Kachin State ကနေ သတင်းမီဒီယာများကနေ မေးမြန်းလာတဲ့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့သတင်းတွေကို ဧပြီလ (၂၅) ရက်နေ့က လေးမိနစ်စာလောက် ဖြေပေးခဲ့ပါတယ်။

သတင်းဌာနတွေက စာတင်ပြီး ပေးကြပါ။ ကျန်းမာရေးဌာနကနေ အဆင်ပြေတဲ့အချိန်မှာ အလျဉ်းသင့်သလို ဖြေကြားပါမယ်လို့ ထည့်သွင်းပြောဆိုခဲ့ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူလူထုရဲ့ သတင်းကိုချက်ချင်းသိနိုင်ဖို့ အခွင့်အရေးက မရှိတော့ပါဘူး။ အဆင်ပြေတဲ့အချိန်မှ ဖြေဆိုမယ်လို့ ဆိုခြင်းက သတင်းကို ချက်ချင်း သိပိုင်ခွင့်မရှိတော့တာပါ။

သတင်းဌာနတွေ မေးထားတဲ့ မေးခွန်းတွေကို စုပေါင်းဖြေကြားတဲ့ အဲဒီဗွီဒီယိုဖိုင်မှာ သတင်းဌာနတွေက လိုချင်၊ မေးချင်တဲ့ သတင်းတွေကို အပြည့်အဝမရခဲ့ကြပါဘူး။ ဖြေသွားတဲ့ မေးခွန်းအများစုက ယေဘုယျဆန်တယ်လို့ သတင်းထောက်တွေက သုံးသပ်ကြပါတယ်။

သတင်းအမှန်ရစေချင်လို့ အခုလိုဖြေပေးတာကို ကျေးဇူးတင်ရပါတယ်။ မအားလပ်တဲ့ကြားကနေ လုပ်နေရတာကို နားလည်ပေမယ့်လည်း သတင်းထောက်တွေကို ခဏလေးဖြစ်ဖြစ် အချိန်ပေး ဖြေကြားပေးတာမျိုး ဖြစ်စေချင်တာပါ။ သတင်းသမား မေးလိုသမျှထက် ကျန်းမာရေးဌာနဖက်က ပြောလိုသမျှကို အသားပေးပြောတယ်လို့ဆိုတာ မှားမယ် မထင်ပါဘူး။

ဒါကြောင့် ဒီ ရောဂါကပ်ဆိုးကြီးကာလမှာ ပြည်သူလူထုရဲ့ သတင်းမှန်သိပိုင်ခွင့်၊ သတင်းအချက်အလက် အလျင်အမြန်ရပိုင်ခွင့်တွေကို တန်ဖိုးထားတယ်ဆိုရင် ကချင်ပြည်နယ်ရဲ့ ကျန်းမာရေး ဦးစီးဌာနအနေနဲ့ သတင်းအချက်အလက်ကို အချိန်မီ ဝေမျှနိုင်ဖို့ သတင်းနဲ့ပြန်ကြားရေးကို သီးသန့်ထားပေးဖို့လည်း အထူးလိုအပ်လှပါတယ်။

သတင်းသမားတွေဖက်ကလည်း သတင်းမီဒီယာကျင့်ဝတ်နဲ့ အညီ သတင်းယူကြရင်း ပြည်သူ၊အစိုးရ၊ ကျန်းမာရေးအစရှိတဲ့ တာဝန်ရှိသူ တစ်ဦးတစ်ယောက်ချင်းစီက တတ်နိုင်တဲ့ တာဝန်ကို အတူတကွ ကျေကျေပွန်ပွန် ထမ်းဆောင်ရင်း ဒီရောဂါကပ်ဆိုးကြီး အမြစ်ပြတ်အောင် အမြန်တွန်းလှန်ကြပါစို့လို့ တိုက်တွန်း ရေးသားလိုက်ရပါတယ်။ ■

# တပ်မတော်က COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ရေး ပိုမိုဆောင်ရွက်နိုင်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှု ဩဂုတ်လကုန်ထိ ရပ်စဲကြောင်းထုတ်ပြန်

မေလ ၁၂

တပ်မတော်မှ ပစ်ခတ်ခိုက်တိုက်မှုကို ငြိမ်းချမ်းရေးအတွက် မေလ(၁၀) ရက်နေ့မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ ရပ်စဲထားကြောင်း တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံးက မေလ (၉) ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် COVID-19 ရောဂါထိန်းချုပ်ကာကွယ် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်အနေဖြင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားကြောင်း ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထုတ်ပြန်ချက်တွင် တပ်မတော်အနေဖြင့် နိုင်ငံတကာ စံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် အပစ်ရပ်စဲထားကြောင်း ထုတ်ပြန်ချက်တွင် ရေးသားဖော်ပြထားသည်။

ယခုကဲ့သို့ ပစ်ခတ်တိုက်ခိုက်ရပ်စဲရေး ကြေညာထားသည့် ကာလအတွင်းတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအားလုံး အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ချက်အနက် (၄)ချက်ကို အလေးအနက်ထားလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်းလည်း ပြောဆိုထားသည်။

ဖော်ပြပါ အချက်များမှာ (က) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။ (ခ) ငြိမ်းချမ်းရေး သဘောတူညီချက်များ အပေါ်အမြတ်မထုတ်ရန်။ (ဂ)ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။(ဃ)နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန် စသည့်အချက်များ ရေးသားထုတ်ပြန်ထားသည်ကိုတွေ့ရသည်။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချင်းချင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်အင်အား အသုံးပြု၍ တိုက်ခိုက်ခြင်း၊ ဒေသခံတိုင်းရင်းသားများအပေါ် အနိုင်ကျင့်ခြင်းများ မပြုလုပ်ရေးကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ရေးသားထားသည်။

အလားတူ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှု ယန္တရားအဆင့်ဆင့်ကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားရေးများကို လည်းကောင်း ထိခိုက်မှုမဖြစ်စေရန် တာဝန်ယူရပါမည်ဖြစ်ပြီး၊ အထက်ပါ ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာပါက တပ်မတော်အနေဖြင့် လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ဟုလည်း ထည့်သွင်း ရေးသားထားသည်။

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူလူထု လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးကိုပြည်သူ့လက်သို့ အရောက်အပ်နှင်းမည်ဟူသည့် သံန္နိဋ္ဌာန်အတိုင်း ဖြစ်မြောက်အောင် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် COVID -19 ရောဂါထိန်းချုပ်ကာကွယ်ကုသရေး လုပ်ငန်းစဉ်များအား နိုင်ငံရေး၊ အမျိုးသားအရေးအဖြစ် အင်တိုက်အားတိုက် ထိထိရောက်ရောက် ပါဝင်ကူညီဆောင်ရွက်သွားမည် ဟု ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကမ္ဘာ့အနှံ့တွင် ဖြစ်ပွားနေသော COVID-19 ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က မတ်လ (၂၃) ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ကြောင်းလည်း ထုတ်ပြန်ချက်အရ သိရသည်။ ■

Salai

# ကိုယ်တိုင် ချုပ်လုပ်ထားသည့် Mask များကို အခမဲ့ ဖြန့်ဝေမည်




မေလ ၁၂

COVID-19 ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း နံနက်ဈေးများတွင် Mask မတပ်ဆင်ဘဲ ဈေးဝယ်နေသူများနှင့် မဝယ်ယူနိုင်သူများအတွက် mask ချုပ်လုပ်ပြီး အခမဲ့ဖြန့်ဝေသွားမည်ဟု ကချင်ပြည်နယ် နယ်လှည့်ကျန်းမာရေးလုပ်သား အဖွဲ့မှ ဒါရိုက်တာ Mr.Z က ပြောသည်။

"mask မပါတဲ့သူတွေကို မနက်ဈေးကနေ ဝင်ခွင့်မပေးတဲ့အခြေအနေ ဖြစ်နေတယ်။ တကယ်လို့ မဝင်ခိုင်းဘူး။ တကယ်လို့ ဝင်မယ်ဆိုရင် marks ဝယ်သွားပါဆိုတဲ့ဟာတွေ ဖြစ်လာတယ်။ ဒီအခြေအနေကို အဘိုးအဘွားတွေ မရှိဆင်းရဲသားတွေကို စာနာတဲ့စိတ်တွေဖြစ်လာတယ်။ ဒါကြောင့် ဒီ marks ကို မဖြစ်မနေ အခမဲ့မနက်ဈေးတွေမှာ ဝေပေးနိုင်တဲ့ အခြေအနေကို ဖန်တီးရမယ်ဆိုပြီးတော့ ကချင်နယ်လှည့်ကျောပိုးအိတ် ကျန်းမာရေးလုပ်သားအဖွဲ့ကနေ စတင်ချုပ်လာတာဖြစ်တယ်"လို့ Mr.Z က မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

ထို့အပြင် လက်ရှိအချိန်တွင် maks တစ်ခုကို (၅၀၀) ကျပ်ဖြင့် ရောင်းချနေသည့်အတွက် အခြေခံလူတန်းစားများအတွက် အခက်တွေ့စေသည့်အတွက် ယခုကဲ့သို့ ပေးရခြင်းဖြစ်သည်ဟု ၎င်းက ထပ်မံပြောဆိုသည်။

"mask တွေကို ဘယ်မှာဝယ်လို့ဝယ်ရမှန်း မသိကြဘူး။ အချို့က မဝယ်နိုင်တဲ့ အခြေအနေရှိတယ်။ mark ကလည်း၊ အခု သူတို့ရောင်းနေတာက တစ်ခုကို (၅၀၀) ပေးရတယ်။ အဲဒီ (၅၀၀) နဲ့က ဟင်းရွက်က (၄)စီး (၅)စီး တောင်ရနေပြီ။ တစ်နပ်စာလောက်တောင်ဖြစ်နေတယ်" ဟု ရှင်းပြပြောဆိုသည်။

ချုပ်လုပ် ပြီးစီးသည့် maskများကိုလျှော်ဖွတ်နေပူလှန်းကာ ပိုးသတ်ပေါင်းတင်ပြီး စနစ်တကျ ထုတ်လုပ်ထားကြောင်း သိရသည်။

အဆိုပါ mask များကို ပိုမိုလိုအပ်သော ကျေးလက်ဒေသဖြစ်သည့် တနိုင်း၊ ဟူးကောင်းချိုင့်ဝှမ်းဒေသနှင့် စစ်ဘေးရှောင်စခန်းများတွင် ဖြန့်ဝေသွားမည်ဟုလည်း သိရသည်။

လက်ရှိအချိန်မှာ ချုပ်လုပ်ပြီးစီးသည့် mark အရေအတွက် ၂၀၀၀ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ■

အက်စတာ

# လူနာအမှတ် ၁၄၄ဆေးရုံဆင်းပြီး Quarantine နှစ်ပတ် ဆက်လက် ဝင်နေ



ဓာတ်ပုံ - Zau Ring Hpra

မတ် ၁၂

မိုးညှင်းမြို့နယ်နေ Covid-19 လူနာအမှတ် ၁၄၄ သည် ဆေးရုံဆင်းခွင့် ရရှိခဲ့ပြီး Quarantine နှစ်ပတ်ကြာ ဝင်နေပြီဖြစ်ကြောင်း မြစ်ကြီးနား ဆေးရုံအုပ်ကြီးထံမှ သိရသည်။

လူနာအမှတ် ၁၄၄ ကို (၄၈)နာရီခြားပြီး နှစ်ကြိမ် ဓာတ်ခွဲစစ်ဆေးမှု ပြုလုပ်ခဲ့ရာမှ ပိုးမတွေ့အဖြေ ထွက်ရှိတာကြောင့် ပိုးကင်းစင်ကြောင်း အတည်ပြုကာ ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီ ဖြစ်သော်လည်း လက်ရှိအချိန် မြစ်ကြီးနား သားဖွား သင်တန်းကျောင်းတွင် Facility Quarantine အဖြစ် (၂)ပတ်ထားရှိပြီး ကျန်းမာရေးစိစစ်မှု ပြုလုပ်ပြီးမှသာ နေအိမ်သို့ ပြန်ခွင့်ပြုမည်ဖြစ်ကြောင်း၊ နေအိမ်သို့ပြန်ရောက်ချိန်တွင်လည်း Home Quarantine အဖြစ် ထပ်မံထားရှိသွားမည် ဖြစ်ကြောင်း မြစ်ကြီးနား ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်က ဆိုသည်။

"သူ့ကို မိုးညှင်းမပြန်ခိုင်းသေးပဲနဲ့ မြစ်ကြီးနားမှာ facility quarantine ထားတဲ့ နှစ်ပတ်အတွင်း ကျန်းမာရေးပြဿနာ တစ်ခုခုရှိတယ်ဆိုရင် အချိန်မရွေးပြန်ပြဖို့မှာကြားထားတယ်။ ကျန်းမာရေးကောင်းမွန်ရင်တော့ပြန်ခေါ်စစ်ပြီး ကျန်းမာရင် မိုးညှင်းပြန်ပို့မယ်။ သူ့ရဲ့အိမ်မှာပဲ home quarantine အနေနဲ့ တစ်ပတ်နေရမယ်။ အဲ့လိုနေပြီး မိုးညှင်းဆေးရုံကြီးမှာ ပြန်ပြပြီး ကျန်းမာရင်တော့ သာမန်လူတစ်ယောက်လို နေလို့ရပြီ"ဟု ဒေါက်တာ ဘုန်းမော်က ရှင်းပြသည်။

ပိုးရှိလူနာကို အနီးကပ်ဆေးကုသမှု ပြုလုပ်ပေးခဲ့သည့် မြစ်ကြီးနား ဆေးရုံကြီးရှိ ကျန်းမာရေး ဝန်ထမ်းများသည် ကာကွယ်ရေး ဝတ်စုံအပြည့်ဖြင့် ကြည့်ရှုမှုများ ပြုလုပ်ပေးခဲ့သည့် အတွက် ကွာရန်တင်း ထားရှိမည် မဟုတ်သေးကြောင်း ဒေါက်တာ ဘုန်းမော်က ဆက်လက်ပြောသည်။

"အကယ်၍ သူက ရောဂါပိုးရှိမှန်းမသိလို့ ဘာမှအကာအကွယ်ပစ္စည်းမသုံးဘဲ ထိတွေ့ခဲ့တယ် ဆိုရင်တော့ အန္တရာယ်ရှိတယ်ပေါ့နော်။ ဒါပေမဲ့ ကျွန်တော်တို့က သူက ရောဂါရှိမှန်း သိတယ်။ သူနဲ့ ထိတွေ့တဲ့ ကုသပေးတဲ့ လူတွေ အားလုံးက အကာအကွယ်ပစ္စည်းတွေ ဖြစ်တဲ့ ပီပီအီးတွေ၊ တစ်ကိုယ်လုံးအကာအကွယ်ပစ္စည်းတွေ အားလုံး စီစဉ်ဆောင်ရွက်ပြီးမှ စမ်းသပ်တာ ကုသမှုပေးတာ ဖြစ်တဲ့အတွက် ရောဂါပိုးကူးစက်စရာတော့ မရှိဘူးပေါ့နော်"ဟု ဒေါက်တာဘုန်းမော်က ပြောသည်။

လူနာအမှတ် ၁၄၄ သည် ကချင်ပြည်နယ်တွင် ပထမဦးဆုံး ပိုးတွေ့လူနာဖြစ်ပြီး ရန်ကုန်တိုင်း ချမ်းရင်ဖိနပ်စက်ရုံတွင် စကားပြန်အဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ပြီး ဓာတ်ခွဲအဖြေအရ ပိုးတွေ့ရှိခဲ့ခြင်းကြောင့် ဧပြီလ (၂၅)ရက်နေ့တွင် မိုးညှင်းဆေးရုံကြီးမှ မြစ်ကြီးနား ဆေးရုံကြီးသို့ ပြောင်းရွှေ့ကုသမှု ခံယူခဲ့ခြင်း ဖြစ်သည်။ ■

Ann

# Quarantine Centre အဖြစ်သတ်မှတ်ထားသည့် ဖုန်ဂန်ရာဇီ အမျိုးသားအဆောင်တွင်

## အမျိုးသားတစ်ဦး ပိုက်ဆံနှင့် လက်ကိုင်ဖုန်း လိမ်လည်ထွက်ပြေး



မေ ၁၂

မြစ်ကြီးနားတက္ကသိုလ်ရှိ Quarantine Centre အဖြစ်သတ်မှတ်ထားသည့် ဖုန်ဂန်ရာဇီ အမျိုးသားအဆောင်တွင် အသွားအလာကန့်သတ်ထားရှိထားသော အမျိုးသားတစ်ဦးသည် မေလ (၉)ရက်ညက အဆောင်မှ ငွေကြေးနှင့် လက်ကိုင်ဖုန်း လိမ်လည် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထွက်ပြေးသွားခဲ့သည့် အမျိုးသားသည် Quarantine ဝင်ရောက်နေသူများထံမှ ဖုန်းတစ်လုံးနှင့် ပိုက်ဆံနှစ်သိန်းခန့်ကို လိမ်လည်ထွက်ပြေးခဲ့ပြီး အဆိုပါအမျိုးသားကို ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

"သူက အဆောင်ဝင်နေသူတွေဆီက ဖုန်းတစ်လုံးနဲ့ ပိုက်ဆံ နှစ်သိန်းကျော်ကို လိမ်ပြီးယူသွားတယ်။ လိပ်စာလည်း အမှားတွေ ပေးထားတော့ လိုက်ရှာနေတယ်။ သူ့ကိုမိတာနဲ့ ကျွန်တော်တို့က ကူးစက်ရောဂါ နှိမ်နင်းရေးဥပဒေနဲ့ အရေးယူသွားမှာပါ"ဟု ဦးသန်းဝင်းက ဆိုသည်။

အဆိုပါ အမျိုးသားသည် ဧပြီလ(၂၅)ရက်နေ့က ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရန်ကုန်မြို့မှတစ်ဆင့် မြစ်ကြီးနားမြို့သို့ ပြန်လည် ရောက်ရှိလာသဖြင့် ဧပြီလ (၂၇)ရက်နေ့တွင် မြစ်ကြီးနားတက္ကသိုလ် ဖုန်ဂန်ရာဇီ အမျိုးသားအဆောင်တွင် အသွားအလာကန့်သတ် ထားရှိခဲ့သည်။

ယင်း ဖုန်ဂန်ရာဇီအမျိုးသားအဆောင်တွင် စုစုပေါင်းလူဦးရေ (၇၅)ယောက်ကို ကန့်သတ်ထားရှိထားကြောင်း မေလ (၁၂) ရက်နေ့အထိ ကချင်ပြည်နယ်အတွင်း Quarantineထားရှိသူ စုစုပေါင်း ၆၇၀၀ ဦး ရှိကြောင်းလည်း သိရသည်။ ■

ဂျာဒွဲ

**မြစ်ကြီးနားသတင်းဂျာနယ်**

**အမှုဆောင်အရာရှိချုပ်**
ဘရန်မိုင်

**ဦးဆောင်ညွှန်ကြားရေးမှူး**
ဇော်ခွန်း

**အယ်ဒီတာချုပ်**
ဆိုင်းမိုင်

**တာဝန်ခံ အယ်ဒီတာ**
အောင်မျိုးဦး

**အယ်ဒီတာ**
Salai၊ စည်သူ

**TV&Radio အယ်ဒီတာ**
အက်စတာ

**သတင်းထောက်ချုပ်**
မွန်းမွန်းပန်

**သတင်းထောက်**
Ah Je (လပတ်)
မျိုးမြတ်မြတ်ပန်၊ ဂျာစင်မိုင်(Ann)
ထုဆန် (Benadeth)၊ ဂျာဒွဲရာ

**နယ်သတင်းထောက်**
သန်းထွန်းအောင်

**ဗွီဒီယို တည်းဖြတ်**
ဇင်မင်း

**စာပြင်**
မြတ်သွေးထက်

**ကွန်ပျူတာစာစီစာရိုက်**
ဝေဝေ

**Website**
La Tawng

**ဂရပ်ဖစ်ဒီဇိုင်း၊ သတင်းစာဒီဇိုင်း**
La Tawng, Seng Lawt Awng

**မြစ်ကြီးနားရုံးတာဝန်ခံ**
နိုနိုထက်နိုင်

**ငွေကိုင် ၊ စာရင်းကိုင်**
နန်အောင် ၊ ဘောက်ဂျာ

**Researcher & Advertorial**
ဆိုင်းတူး

**စီးပွားရေးတာဝန်ခံ**
အိဇင်ဖြိုး

**ဖြန့်ချိရေးတာဝန်ခံ**
ဆွတ်နောင်တူး

**တန်ဖိုး**
၈၀၀ ကျပ်

**ဖလင်**
KING

**ထုတ်ဝေသူ**
ဒေါ်ရွှေယဉ်
မှတ်ပုံတင်အမှတ်- ၀၀၀၀၉(မြ)

**ပုံနှိပ်တိုက်**
ရွှေကျား (၀၀၅၇၁)

**ဆက်သွယ်ရန်**
အမှတ်(၅၈)၊ လမ်းသွယ် (၁)၊
စီတာပူရပ်ကွက်၊ မြစ်ကြီးနားမြို့။
ဖုန်း - ၀၉ - ၂၅၉၀၇၇၄၀၅
၀၉ - ၂၅၆၃၆၀၂၇၄
၀၉ - ၄၂၀၀၈၅၉၂၈
www.myitkyinanewsjournal.com
myitkyinanewsjournal@gmail.com
facebook.com/myitkyinanewsjournal.mm
ဤပုံနှိပ်မှတ်တမ်းတွင် ဖော်ပြထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ်၏ တာဝန်ရှိသူများဖြစ်သည်။
မြစ်ကြီးနားသတင်းဂျာနယ်တွင် ဖော်ပြပါရှိသော သတင်းများအတွက် ငွေကြေးသော်လည်းကောင်း၊ တံစိုးလက်ဆောင်သော်လည်းကောင်း၊ လက်ခံရယူခြင်းကို ဤမှတ်တမ်းပါ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ခွင့်မပြုပါ။
မြစ်ကြီးနားသတင်းဂျာနယ် ရင်ထိုးတပ်ဆင်ထားသူများသာ မြစ်ကြီးနားသတင်းဂျာနယ် သတင်းထောက်ဖြစ်ပါသည်။

# Covid-19 အသိပညာပေး ပန်းချီရေးဆွဲခဲ့သည့်

## ပန်းချီဆရာဇေယျာနှောင်းနှင့် အပေါင်းအပါသုံးဦး၏ အမှုစတင်စစ်ဆေး



မြစ်ကြီးနား၊ မေ၁၁

Covid-19 အသိပညာပေး ပန်းချီရေးဆွဲခဲ့သည့် ပန်းချီဆရာ ဇေယျာနှောင်းနှင့် အပေါင်းအပါသုံးဦး၏ အမှုနှင့် ပတ်သက်ပြီး တရားလိုက်ကို မေလ(၁၁)ရက်နေ့တွင် စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းအမှုနှင့် ပတ်သက်ပြီး တရားလိုနှင့် တရားလိုပြသက်သေ(၅)ဦးတို့ကို မေလ(၁၁)ရက်နေ့မှ စတင်ကာ အမှုကို အပြီးသတ် စစ်ဆေးသွားမည်ဖြစ်ကြောင်း လူငယ်သုံးဦးဖက်မှ အမှုကို လိုက်ပါ ဆောင်ရွက်ပေးသည့် တရားလွှတ်တော်ရှေ့နေဒေါ်ဒွဲဘူက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အမှုကို ရုတ်သိမ်းဖို့ မရှိဘူး ပြောတယ်။ တစ်ချိန်းကို(၂)ဦးနဲ့ စစ်သွားမယ်။ မေလ(၁၁)ရက်နေ့၊ (၁၈)ရက်နေ့ တစ်ချိန်၊ (၂၅)ဆိုတရားလိုဘက် ပြီးသွားမယ်။ အဲ့ဒီနောက်ပိုင်းတော့ စွဲချက်တင်တယ်ဆိုလို့ရှိရင် တရားခံဘက် ပြန်စစ်သွားမှာပေါ့"ဟု ဒေါ်ဒွဲဘူက ပြောသည်။

မေလ ၅ ရက်နေ့က တရားလိုဘက်နှင့် တရားခံဘက်မှ ရှေ့နေများ အားလုံးတွေ့ဆုံကာ အမှုကိုအချိန်တိုနှင့် ပြီးမြောက်အောင် စစ်ဆေးမှုပြုလုပ်သွားရန် ဆွေးနွေးသွားခဲ့ကြကြောင်းလည်း သိရသည်။

ဥပဒေအထောက်အကူပြုကွန်ရက် (Legal Aid Network)က တရားစွဲဆိုခံရသည့် လူငယ်သုံးဦးအမှုကို ပ'လပ်ပေးရန် အချက်(၆)ချက်ပါ သဘောထားထုတ်ပြန်ချက်ကို မေလ(၃)ရက်နေ့က ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်ထဲ၌ အမှုနှင့်ပတ်သက်ပြီး လုံးဝရှုတ်ချကြောင်းနှင့် သင့်လျော်မှုမရှိသည့်အပြင် ဥပဒေနှင့် မကိုက်ညီပါဘဲလျက် လက်ခံအရေးယူသော တရားရုံးကိုလည်း ပြင်းထန်စွာ ကန့်ကွက်ကြောင်း ပါရှိသည်။

သဘောထား ထုတ်ပြန်ချက်အပေါ် တရားလွှတ်တော်ရှေ့နေ ဒေါ်ဒွဲဘူက "အဖွဲ့အစည်း အသီးသီးက သူတို့အမြင်နဲ့ ထုတ်ပြန်ချက်တွေ ရှိပါတယ်။ တရားရုံးမှာ မစစ်ဆေးသင့်ဘူးတို့။ ဥပဒေအပေါ် သူတို့ရဲ့အမြင်ကို ထုတ်ဖော်ထားတယ်။ ဒါကို ကျွန်မတို့ ကြိုဆိုပါတယ်"ဟု သုံးသပ်သည်။

လူငယ်တွေ အနေဖြင့် လွတ်လပ်စွာလုပ်သည့် ကိစ္စရပ်မှာ ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်း မဟုတ်သည့်အတွက် အမှန်တရားကို တိတိကျကျ သက်သေအထောက်အထားဖြင့် ဖော်ထုတ်သွားမည် ဖြစ်ကြောင်း တရားလွှတ်တော် ရှေ့နေ ဒေါ်ဒွဲဘူက ဆိုသည်။

ပန်းချီဆရာ ကိုဇေယျာနှောင်းက Covid-19 အသိပညာပေးရေးဆွဲခဲ့သည့် ပန်းချီနှင့် ပတ်သက်ပြီး လူမှုစာမျက်နှာကွန်ရက်ပေါ်တွင် ဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းအောင် ပြုလုပ်သည့် အသွင်ဆောင်နေကြောင်း ဝေဖန်ပြစ်တင်မှုများ ပေါ်ထွက်လာပြီးနောက် ကိုဇေယျာနှောင်းအပါအဝင် သုံးဦးကို ပြည်နယ်သာသနာရေး ဦးစီးဌာနက မြို့နယ်တရားရုံး၌ သာသနာညှိုးနွမ်းစေမှု ပုဒ်မ-၂၉၅(က)နှင့် တရားစွဲဆိုထားခြင်း ဖြစ်သည်။

အဆိုပါ ပုဒ်မ-၂၉၅(က)သည် ပြစ်မှုထင်ရှားမည် ဆိုပါက ထောင်ဒဏ်(၂)နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံနိုင်သောပုဒ်မ ဖြစ်သည်။ ■

Benadeth

# လက်ကိုင်စက်လွှ အသုံးပြုခွင့် မှတ်ပုံတင်ထားခြင်း မရှိသူများကို မေလ (၁၅) ရက်နေ့နောက်ပိုင်း အရေးယူမည်



မေ ၁၂

ကချင်ပြည်နယ်အတွင်းရှိ လက်ကိုင်စက်လွှ (Chainsaws) အသုံးပြုခွင့် မှတ်ပုံတင်ထားခြင်း မရှိဘဲ ရောင်းချသူများနှင့် သုံးစွဲသူများကို ပညာပေးကာလ ကျော်လွန်ပါက အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးက သိရသည်။

ပညာပေးကာလကို ဧပြီ (၈)ရက်နေ့မှ မေလ (၁၅) ရက်နေ့အထိ သတ်မှတ်ထားပြီး ပြည်သူများ ပိုမိုသိရှိအောင် ကျေးရွာအလိုက် ပိုစတာ ဆိုင်းဘုတ်ထောင်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာစာဖြန့်ဝေမှုများ ပြုလုပ်ထားပြီး ပညာပေးကာလ ကျော်လွန်သည့်နောက်တွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ရောင်းဝယ်၊ သုံးစွဲနေသူများကို ၂၀၁၈ သစ်တောဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"ပညာပေးကာလ ကျော်သွားပြီဆိုရင် တရားမဝင် လက်ကိုင်စက်လွှ သုံးစွဲတာ၊ မှတ်ပုံတင်ထားခြင်း မရှိဘူးဆိုရင် ဥပဒေအရ အရေးယူသွားမယ်"ဟု ဦးခင်မောင်ဦးက ဆိုသည်။

သုံးစွဲသော အကြောင်းအရင်းနှင့်အတူ လျှောက်လွှာများကို တင်ပြီးသည့်နောက် ခွင့်ပြုချက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လျှောက်ထားလိုသူတွေ အနေဖြင့် သက်ဆိုင်ရာ မြို့နယ်အလိုက် သစ်တောဦးစီးဌာနရုံးများတွင် လာရောက်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း ဦးခင်မောင်ဦးက ဆက်လက်ပြောသည်။

"ကျွန်တော်တို့က ကုမ္ပဏီတွေ၊ အရောင်းဆိုင်တွေမှာ အခါအားလျော်စွာ စစ်ဆေးသွားမယ်။ လျှောက်လွှာတင်ရမယ်။ ခွင့်ပြုချက်ယူရမယ်"ဟု ၎င်းက ဆိုသည်။ မြစ်ကြီးနားမြို့ရှိ လက်ကိုင်စက်လွှ ရောင်းချသူ အချို့ကလည်း အသိပညာပေးကာလကို ထပ်တိုးပေးစေလိုကြောင်း တောင်းဆိုနေကြသည်။ လက်ကိုင်စက်လွှ ရောင်းချသူများလည်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တရားဝင်တင်သွင်းလာသည့် လက်ကိုင်စက်လွှများသာ ရောင်းချခွင့်ပေးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

ပညာပေးကာလ ကျော်လွန်ပြီးနောက်တွင် ခွင့်ပြုမိန့်မရရှိဘဲ လက်ကိုင်စက်လွှ ရောင်းချသူများနှင့် သုံးစွဲသူများကို ၂၀၁၈ ခုနှစ် သစ်တောဥပဒေအရ ထောင်ဒဏ်(၇)နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံးကျပ် (၅)သိန်းကျပ်မှ အများဆုံး ကျပ်(၁၀)သိန်းအထိဖြစ်စေ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ■

Benadeth

# ရောဂါပြန့်နှံ့ ကာကွယ်သည့်လုပ်ငန်းများတွင် လူထုပူးပေါင်း ပါဝင်လာနိုင်ရန် အတွက် Covid-19 Concern & Response Commitee- Kachin အဖွဲ့ဖွဲ့စည်း



မေ ၁၁၊ မြစ်ကြီးနား

covid-19 ရောဂါဖြစ်ပွားမှုကြောင့် ကချင်ပြည်နယ်အတွင်း ရောဂါပြန့်နှံ့ ကာကွယ်သည့်လုပ်ငန်းများတွင် လူထုပူးပေါင်း ပါဝင်လာနိုင်ရန်အတွက် ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့မှဦးဆောင်ကာ Covid-19 Concern & Response Commitee- Kachin အဖွဲ့အစည်းတစ်ခုကို ဧပြီလ ၂၀ ရက်နေ့တွင် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ယင်းအဖွဲ့အစည်းအား Covid-19 ကပ်ရောဂါကြောင့် ဒုက္ခရောက်နေကြသည့် ပြည်သူတွေကို အကူအညီပေးရန်၊ covid-19 ကာကွယ် ကူညီစောင့်ရှောက်ရေး အဖွဲ့များနှင့် လက်တွဲပြီး ပါဝင်ဆောင်ရွက်ရန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုများကို ပိုမိုထိရောက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ကြောင်း Covid-19 Concern & Response Commitee- Kachin မှ ပြောရေးဆိုခွင့်ရှိသူ ဦးတန်ဂွန်းက ပြောသည်။

၎င်းတို့ အဖွဲ့အစည်းအနေဖြင့် covid-19 ကြောင့် အခက်အခဲတွေ ကြုံတွေ့လာသည့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများ လုပ်ဆောင်နေသည့်အပြင် အခြား လိုအပ်မှုများကိုလည်း အကဲဖြတ်ချင့်ချိန်ဆုံးဖြတ်ပြီး လုပ်ဆောင်သွားရန်ရှိကြောင်း ဦးတန်ဂွန်းက ဆက်လက်ပြောသည်။

"စားဖို့သောက်ဖို့ ခက်ခဲလာတဲ့ မိသားစုတွေ၊ မိဘမဲ့ကလေးတွေ၊ စစ်ရှောင်တွေနဲ့ ကလေးတစ်ယောက်မိခင်စတာတွေကို၊ အခက်အခဲကြုံတွေ့တဲ့ ပြည်သူတွေကို ကူညီနိုင်ဖို့ လုပ်ဆောင်နေတယ်။ ဘာတွေလိုအပ်တာလဲဆိုတာကို အကဲဖြတ်ပြီး အဲ့ဒီရလဒ်ပေါ် မူတည်ပြီးမှ လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု ဆိုသည်။

Covid-19 Concern & Response Commitee တွင် ဘာသာရေးအသီးသီးမှ ပုဂ္ဂိုလ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်ပြီး Covid-19 နှင့် ပတ်သက်ပြီး ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ဦးတန်ဂွန်းက ဆက်လက်ရှင်းပြသည်။

"အဓိက ကတော့ အစိုးရရဲ့လမ်းညွှန်မှုပိုပြီးထိရောက်လာအောင်၊ ပြည်သူတွေ ပိုမိုပါဝင်လာအောင်၊ ဒီရောဂါကပ်ကြီး ထိန်းချုပ်နိုင်အောင် ပထမဦးဆုံး ဦးတည်ပြီး လုပ်ရမယ် ဆိုတဲ့အမြင်တွေ့ရှိတယ်။ အဲ့ဒါကြောင့် prevention (ကာကွယ်ရေး) လုပ်ငန်းကို ပထမခြေလှမ်းအနေနဲ့ ကျွန်တော်တို့ လုပ်ဆောင်ဖို့ရှိပါတယ်"ဟု ၎င်းက ပြောသည်။

Covid-19 ကပ်ရောဂါနှင့် ပတ်သက်ပြီး ကာကွယ်ထိန်းချုပ်နိုင်ရန် အတွက် ကချင်ပြည်နယ်က ပြည်သူလူထုအားလုံးက နားလည်မှု၊ အသိတရားများရှိမှုဖြင့် ဝိုင်းဝန်းကူညီကြရန် ဦးတန်ဂွန်းက တောင်းဆိုခဲ့သည်။

အဖွဲ့အစည်း ဖွဲ့စည်းခဲ့ခြင်းနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံသို့ ဧပြီလ ၂၃ ရက်နေ့တွင် လိုအပ်ချက်များကို လမ်းညွှန်မှု ပြုလုပ်ပေးနိုင်ရန်အတွက် တင်ပြစာ ပေးပို့ခဲ့ကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# မြန်မာ့မီးရထား ပြေးဆွဲမည့်ရက်ကို အတိအကျ မသိရှိရသေး

## ယာဉ်လိုင်းနှင့် လေကြောင်းလိုင်းအချို့ စတင်ပြေးဆွဲ




မေ ၁၂

မြစ်ကြီးနားမြို့ရှိ ရထားလိုင်းများအားလုံး ပြန်လည်ပြေးဆွဲမည့်ရက်ကို အတိအကျ မသိရှိရသေးကြောင်း မြစ်ကြီးနားဘူတာရုံပိုင် ဦးခင်သော်က ပြောသည်။

"ဘာမှ မထူးခြားသေးပါဘူး။ ဘာမှ ညွှန်ကြားချက် မလာသေးပါဘူး"ဟု ဦးခင်သော်က ပြောသည်။

ကနဦးအနေဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာသည့် ရထားလိုင်း ၂ ခုကို သင်္ကြန်ကာလအတွင်း ရပ်နားထားမှုများ ရှိခဲ့ကာ ထပ်မံပြီး COVID- 19 ရောဂါထိန်းသိမ်းလျှော့ချနိုင်ရန်အတွက် မြန်မာ့မီးရထား၏ ညွှန်ကြားချက်အရ မြစ်ကြီးနားမြို့မှ ထွက်ခွာသည့်မီးရထားလိုင်းအားလုံးနီးပါးကို ဧပြီလ ၃၀ ရက်နေ့အထိ ရပ်နားထားခဲ့ခြင်း ဖြစ်သည်။

ရပ်နားထားသည့် မီးရထားများသည် မြစ်ကြီးနား - နဘားရထားလိုင်း၊ မြစ်ကြီးနားမှ ထွက်ခွာသည့် ၄၅ အစုန်၊ ဒုတိယအမြန်၊ ၃၄ အစုန်လေအိတ်ရထား၊ ၃၂ အစုန် အဲရားကွန်းလေအိတ်ရထား၊ မြစ်ကြီးနား-မိုးညှင်း ပြေးဆွဲသည့် ကားရထား၊ ၅၈ အစုန် မန္တလာရထားများ ဖြစ်ကြောင်း မြစ်ကြီးနား ဘူတာရုံပိုင်ချုပ် ဦးခင်သော်က ပြောပြသည်။

လက်ရှိတွင် မြစ်ကြီးနား-မန္တလေး ပြေးဆွဲနေသည့် လိုင်းမှာ ၄၂ အစုန် ရထားတစ်စီးသာ ရှိသည်။

ဆက်လက်ပြီး ကုန်းလမ်းပို့ဆောင်ရေးတစ်ခု ဖြစ်ပြီး ကချင်ပြည်နယ် မြစ်ဖျားရောအဝေးပြေးကားဂိတ်မှ မြစ်ကြီးနား-ရန်ကုန် အဝေးပြေးယာဉ်အသင်း ၇ သင်း ပြန်လည်ပြေးဆွဲနေပြီ ဖြစ်ကြောင်း ယကတဉက္ကဋ္ဌ ဦးအေးဇော်ဇော်ထံမှ သိရသည်။

အဆိုပါ ယာဉ်အသင်းများသည် High Class၊ ငွေနှင်းမန္တလာ၊ တက်နေလင်း၊ မျိုးဆက်သစ်၊ ရွှေမြစ်ဆုံ၊ စွမ်း group နှင့် မုံရွာကို ပြေးဆွဲနေသည့် ဂျိမ်းဖော့ ရွှေမြေတို့ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် လက်ရှိ မြစ်ကြီးနားလေဆိပ်မှ ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းက စနေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ပြေးဆွဲနေကြောင်း၊ Golden Myanmar လေကြောင်းလိုင်းအနေဖြင့် မေလ (၂၁)ရက်နေ့မှ စတင်ပြေးဆွဲမည်ဖြစ်ပြီး Air Tanlwin လေကြောင်းလိုင်းက မေလ (၃၀)ရက်နေ့တွင် စတင်ပြေးဆွဲတော့မည် ဖြစ်ကြောင်း မြစ်ကြီးနားလေဆိပ်မန်နေဂျာ ဦးစောနွဲ့ဖဟိန်းစေ၏ ပြောကြားချက်အရ သိရပါသည်။ ■

မျိုးမြတ်မြတ်ပန်

မြစ်ကြီးနားသတင်းဂျာနယ်
(မေ ၁၅၊ ၂၀၂၀)




**တုတ်ထိုး** - မင်္ဂလာပါ ကိုအိုးပေါက်ရေ။
**အိုးပေါက်** - မင်္ဂလာပါဗျာ။ လက်ဖက်ရည်ဆိုင် မထိုင်ရတာတောင် ကြာပြီ။

**တုတ်ထိုး** - ဟုတ်ပ့ါဗျာ။ ဒါကြောင့် ခင်ဗျားအိမ်မှာ လာပြီး စကားဝိုင်း လာဖွဲ့တာ။
**အိုးပေါက်** - နေဦး။ ရော့ အရက်ပျံ၊ ရော့ ဆပ်ပြာ၊ ရော့ ရေ။ လက်ဆေးပြီးမှ အိမ်ထဲဝင်ပါ။

**တုတ်ထိုး** - ကျုပ်က အိမ်ကနေ ဆေးခဲ့ပြီးမှ လာတာပါဗျ။
**အိုးပေါက်** - အိမ်ကနေ ဆေးဆေး မဆေးဆေး၊ ကျုပ်အိမ်ထဲဝင်လာရင်တော့ လက်ဆေးပြီးမှ အိမ်ထဲဝင်ရမယ်။ လက်မဆေးဘဲဝင်ရင်တော့ ကာချုပ်လည်း အဝင်မခံဘူး။ နိုင်ငံတော် အတိုင်ပင်ခံလည်း အဝင်မခံဘူး။ လက်မဆေးရင် ဧည့်သည် လာမလုပ်နဲ့။

**တုတ်ထိုး** - ကောင်းပါပြီဗျာ။ ကောင်းပါပြီ။ ကျုပ် ဆေးလိုက်ပ့ါမယ်။
**အိုးပေါက်** - အဲ့ဒီလို လုပ်စမ်းပါ။

**တုတ်ထိုး** - ဟော့လူ၊ ဟော့လူ။ အိမ်ရှင်ဆိုပြီး စည်းကမ်းမဖောက်နဲ့။
**အိုးပေါက်** - ဗျာ။

**တုတ်ထိုး** - နေ့စဉ်ဘဝမှာ ခပ်ခွာခွာနေပါတဲ့။ အဲ့ဒီတော့ ခင်ဗျားက အဲ့ဒီစားပွဲဝိုင်း ထိပ်မှာနေ။ ကျုပ်က ဒီစားပွဲဝိုင်း ထိပ်မှာနေမယ်။
**အိုးပေါက်** - အောင်မယ်။ ခင်ဗျားကကျုပ်ကို ရောဂါသယ်လာသူ မှတ်နေတာလား။

**တုတ်ထိုး** - သတိဆိုတာ အမြဲတမ်း ရှိရတယ်ဗျ။ Closed Contect ဖြစ်နေမှာစိုးလို့ဗျ။
**အိုးပေါက်** - ဒါလည်း ဟုတ်တာပဲ။

**တုတ်ထိုး** - ဒါနဲ့ နေပါဦး။ ခင်ဗျားပြောတော့ ကိုဗစ်က အသားအရောင် မခွဲခြားဘူး။ ဆင်းရဲချမ်းသာ မခွဲခြားဘူးဆို။
**အိုးပေါက်** - အေးလေ။ အေးလေ။ အဲ့ဒါဘာဖြစ်လို့တုန်း။

**တုတ်ထိုး** - အခုတော့ ကိုဗစ်က လိင်ခွဲခြားနေပါပေ့ါလား။
**အိုးပေါက်** - ဗျာ။

**တုတ်ထိုး** - ခင်ဗျား မကြားသေးဘူးထင်တယ်။ လေ့လာမှုအသစ်တွေအရ ကိုဗစ်ဟာ အမျိုးသားတွေမှာ ပိုမိုပြင်းထန်တဲ့ ဖျားနာမှုဝေဒနာ ပိုပြတတ်တယ်တဲ့ဗျ။ ကိုဗစ် ကူးစက်ခံနေရရင် အမျိုးသမီးတွေထက် အမျိုးသားတွေက သေနှုန်းများသတဲ့။
**အိုးပေါက်** - ဗျာ။

**တုတ်ထိုး** - မဗျာနဲ့။ အားတိုင်းယားတိုင်း ပေါင်ကြားကဝဲပဲ ကုတ်မနေနဲ့။ ခင်ဗျားလက်ကနေ ဟိုဒင်းဟိုဟာပြုပြီး ဟိုဟာကို ကိုဗစ်တွေ့ပြီး လက်ကနေ ကူးစက်သွားဦးမယ်။
**အိုးပေါက်** - ဗျာ။ ဆန်ရှစ်ပြည် ဝေတုန်းက ဝဲကုတ်တဲ့ တုတ်ပါ ဝေပေးရမှာ။

**တုတ်ထိုး** - မှတ်တောင်ထားရဦးမယ်။

**အိုးပေါက်** - ဂျူလိုင်ချီသူဆိုတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်ဗျ။ ဒီကောင့်အတွက် ပိုစိတ်ပူတယ်။

**တုတ်ထိုး** - ဘာလို့တုန်း။
**အိုးပေါက်** - ဒီကောင်က မြွေနှစ်ကောင်ဆေး အမြဲဆောင်ထားရတဲ့ကောင်။ အားတိုင်း ပေါင်ကြားနှိုက်နေတဲ့ကောင်။ အဲ. . . ဝဲကုတ်နေတဲ့ကောင်။

**တုတ်ထိုး** - အင်း။ ကိုဗစ်ဟာ အမျိုးသားအင်္ဂါအတွင်းမှာ ပုန်းခိုနေတတ်တယ်ဆိုတဲ့ သတင်းတွေ ကြားပြီး ကျုပ်တော့ ပိုတောင်လန့်လာတယ်။ Mask တပ်ထားလို့ရတဲ့အမျိုးလည်း မဟုတ်။
**အိုးပေါက်** - အောက်ခံဘောင်းဘီ ဝတ်ထားပေ့ါဗျာ။

**တုတ်ထိုး** - ဖြတ်ထုတ်ရင်လည်း မဟုတ်တတ်သေး။ ဖြုတ်ထားရင်လည်း အန္တရာယ်ကကြီး။ ဟို. . . သူငယ်ချင်း ဆလိုင်းလိုတောင် လုပ်ထားရမလား မသိဘူး။
**အိုးပေါက်** - ဒီကောင်က ဘာလုပ်ထားတာတုန်း။

**တုတ်ထိုး** - ဒီကောင်က အကြောက်လွန်ပြီး ဖြုတ်ဖောက်ချုပ် လုပ်ပစ်လိုက်တယ်လေ။
**အိုးပေါက်** - ဗျာ။ မှတ်တောင်ထားရဦးမယ့် ကိန်း။

**တုတ်ထိုး** - သူများ မြို့ရွာတွေလို ကျုပ်တို့မြစ်ကြီးနားလည်း မီတာခ အခမဲ့ပေးနေပါပြီနော်။
**အိုးပေါက်** - မင်္ဂလာသတင်းပေ့ါဗျာ။ မီးလေးတော့ မှန်မှန်လေး ပေးပါဦးနော်။

**တုတ်ထိုး** - နောက်ထပ် မင်္ဂလာသတင်း တစ်ခုရှိတယ်။ ကာချုပ်ကြီးက သူ့လစာ(၇)လစာကို ပြည်သူတွေအတွက် လှူဒါန်းလိုက်တယ်တဲ့နော်။
**အိုးပေါက်** - ကျုပ် မပြောဘူးလား။ ပြည်သူသာအမိ ပြည်သူသာ အဖ ဆိုတဲ့စိတ်တွေဝင်ပြီး လှူမှာပါလို့။

**တုတ်ထိုး** - ခင်ဗျားက ဘယ်ဂြိုဟ်က ကာချုပ်ကို ပြောနေတာတုန်း။ ကျုပ်ပြောနေတာ ကမ္ဘောဒီးယားကာချုပ်ဗျ။
**အိုးပေါက်** - ထင်တော့ထင်သား။ သူသာလှူရင် ဆန်ရှစ်ပြည် အပြင် ငွေသားလေးပါ ပါမှာပါလို့။

**တုတ်ထိုး** - အစိုးရကတော့ တစ်အိမ်ထောင်ကို မြန်မာငွေကျပ် ၁၃ သိန်းစီ ဝေမယ်တဲ့ဗျ။
**အိုးပေါက်** - ငါတို့ အစိုးရကွ။ ဟဲ ဟဲ။

**တုတ်ထိုး** - ဂျပန်မှာပါဗျာ။
**အိုးပေါက်** - ထင်တော့ထင်သား ။ ဆန်ရှစ်ပြည် ဝေတုန်းကတောင် သူ့မရလို့၊ ငါ့မရလို့ဆိုပြီး အင့်စိတ်တွေ ပေါ်ကုန်ကြသေးတာ။ ၁၃ သိန်းစီ ဝေလို့ကတော့ တကယ့်ပွဲကြီးဖြစ်နေမှာပါလို့။

**တုတ်ထိုး** - ဒါနဲ့ တမာရွက်ပြုတ်တွေသောက်ပြီး ကိုဗစ်ကို တိုက်ဖျက်မယ်ဆိုတဲ့ ရွာကခင်ဗျားဘကြီး အခြေအနေဘာထူးလဲဗျ။
**အိုးပေါက်** - အိမ်ရှေ့က တမာပင်ကြီးလည်း ပြုတ်စားလွန်းလို့ အကုန်ကုန်ပြီတဲ့။ အခုလောလောဆယ်တော့ သွေးတိုးလို့ ဆေးရုံတက်ကုန်ရတယ်တဲ့။

**တုတ်ထိုး** - တချို့တွေက ဂျင်းနက်တွေ စားနေကြတယ်။
**အိုးပေါက်** - ဂျင်းနက်က ကျန်းမာရေးအတွက် ကောင်းကျိုးပေးတာတွေ ရှိပါတယ်။ ကိုယ်ခံအားကို တိုးမြှင့်ပေးတယ်လို့လည်း ဖတ်ဖူးပါတယ်။ ဒါပေမဲ့ ကိုဗစ်ပျောက်တယ်လို့တော့ မကြားဖူးပါဘူးနော်။

**တုတ်ထိုး** - တော်ကြာ "ပေ့ါစေလိုလို့ကြောင်ရုပ်ရေး ဆေးအတွက်လေး" ဆိုတာမျိုး ဖြစ်နေကြပါဦးမယ်။
**အိုးပေါက်** - အဲ့ဒါ အသာထားစမ်းပါဦးဗျာ။ Covid-19 ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အစိုးရရံပုံငွေအတွက် ကာကွယ်ရေးအသုံးစရိတ်တွေကို ပြန်လည်ဖြတ်တောက်ပေးဖို့ စစ်တပ်က သဘောတူလိုက်ပြီဗျ။

**တုတ်ထိုး** - စစ်တပ်ဆိုတာ၊ တပ်မတော်ဆိုတာ ပြည်သူ့အတွက် အဲ့ဒီလို အမြဲရှိနေရမယ်။
**အိုးပေါက်** - ပြီးတော့ အမေရိကန်နဲ့ တရုတ်နိုင်ငံကနေ သံချပ်ကာယာဉ်တွေ ဝယ်ယူမယ့် စစ်တပ်ရဲ့ အစီအစဉ်တွေ ဖြတ်တောက် လျှော့ချလိုက်တယ်ဗျ။

**တုတ်ထိုး** - ဒီလိုမှပေ့ါဗျာ။ တပ်မတော်သည်အမိ တပ်မတော်သည်အဖ ဖြစ်နေရမယ်မဟုတ်လား။ ဒီလိုအခြေအနေမှာ ဒီလိုမှ လုပ်မပေးရင် တပ်မတော်သည်အဖိ၊ တပ်မတော်သည်အထောင်းလို့ ပြောနေကြဦးမှာဗျ။ ဟဲဟဲဟဲ. . . တို့တပ်မတော်ကွ။
**အိုးပေါက်** - ခင်ဗျားက ဘယ်တပ်မတော် ပြောနေတာတုန်း။ ကျုပ်ပြောနေတာက ထိုင်းနိုင်ငံက တပ်မတော်အကြောင်းဗျ။

**တုတ်ထိုး** - ထင်တော့ထင်သား။ ဒီလောက်သဘောကောင်းရင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ကန့်လန့်တိုက်မနေကြပါဘူး။ ဟဲဟဲဟဲ။
**အိုးပေါက်** - ဟွန်း၊ သူပဲအမျိုးမျိုး။

**တုတ်ထိုး** - ဒါနဲ့ ဝမ်းသာစရာသတင်းကောင်း ခင်ဗျားကြားပြီးပြီလားဗျ။ covid-19 ရောဂါပိုးရှိမရှိ တစ်ရက်မှာ လူ ၁၄၀၀ လောက် စမ်းသပ်ပေးနိုင်တဲ့ Cobas 6800 စက်ကြီး ၂ လုံး တပ်မတော်မှာ ရှိတယ်တဲ့ဗျ။ အဲဒီစက်ကြီး၂လုံး တပ်မတော်က ပိုင်ထားတယ်။ အဲဒီစက်ကြီး၂လုံးနဲ့ စစ်ဆေးပေးမယ်တဲ့ဗျ။
**အိုးပေါက်** - ဟာ၊ အဲဒီစက်ကြီး ဝယ်လိုက်တာလား။ဘယ်တုန်းကတည်းက တပ်မတော်မှာ ရှိနေတာလဲ။

**တုတ်ထိုး** - ကြာပြီတဲ့။
**အိုးပေါက်** - အခုမှထုတ်လာရသလား၊ အစကတည်းက ပြောပ့ါလား။

**တုတ်ထိုး** - စက်ကရှိနေတာကြာပြီတဲ့ဗျ။ အခုမှ ရှိတယ်လို့ ထုတ်ပြောပုံအရဆို ရေခဲသေတ္တာလား၊ အဝတ်လျှော်စက်လားထင်နေကြတာနေမှာပေ့ါ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

**တုတ်ထိုး** - အံ့တော့ အံ့သြမိတယ်။ ဒီလိုခေတ်မီစက်ကြီး ပိုင်ဆိုင်ထားတာကို။
**အိုးပေါက်** - လိုရမည်ရ ဝယ်ထားတာနေမှာပေ့ါ။ စက်ကြီး ၂ လုံး ရှိတာပြတာတောင် ဒီလောက် ထုကြထောင်းကြ ပြောကြဆိုကြနဲ့ ပိုင်ဆိုင်မှုအားလုံး ချပြလိုက်ရင် မိုးတောင်မီးလောင်သွားလောက်တယ်။


**တုတ်ထိုး** - စက်ကြီးအကြောင်းတော့ ကျုပ်တော့ မသိပါဘူးဗျာ။ ကျုပ်တို့သိတာက ဗုဒ္ဓစက်၊ ဓမ္မစက်၊ သံဃာစက်၊ ရဟန္တာစက်၊ မိဘစက်၊ ဆရာစက်၊ ဗြဟ္မာစက်၊ သိကြားစက်၊ နတ်တို့စက်၊ ဘီလူးစက်၊ ဂဠုန်စက်၊ နဂါးစက်၊ သီဟစက် ဒါတွေပဲ သိတာပေ့ါ။
**အိုးပေါက်** - ခုတော့ တပ်မတော်စက်ပါ မှတ်ထားလိုက်ပေတော့ဗျ။

**တုတ်ထိုး** - ကဲကဲ စကားဝိုင်းကောင်းနေလိုက်ကြတာ။ အိပ်မှာနေပြီး Stay Home လိုက်ကြဦးစို့။
**အိုးပေါက်** - ဒါနဲ့ သူများတွေကတော့ စတေးဟုမ်းနေကြတာ။ သမ္မတကြီးကစလို့ စတေးဟုမ်းနေကြတာ။ စစ်တိုက်သူတွေရော မစတေးဟုမ်းကြဘူးလား။

**တုတ်ထိုး** - သူတို့က စတေးဟုမ်းတော့ စတေးဟုမ်းပဲ။ ဒါပေမဲ့ ပြည်သူတွေရဲ့ အသက်တွေစတေးပြီး စစ်မီးဟုန်းဟုန်းတောက်အောင် လုပ်နေကြတဲ့ စတေးဟုန်းတွေဗျ။
**အိုးပေါက်** - မှတ်တောင်ထားရဦးမယ်။

# ကချင်အရေးတွင် တရုတ်ကို ဖိအားပေးခဲ့သူ ဗိုလ်မှူးကြီးလှအောင်

အင်ခိုင်ဘွမ် ရေးသားသည်



ဖဆပလခေါင်းဆောင်များလက်ထက်တွင် မပြီးပြတ်သည့် တရုတ်-မြန်မာ နယ်နိမိတ်ကိစ္စကို အိမ်စောင့်အစိုးရက ဆက်ခံခဲ့ရသည်။ တပ်မတော်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်အောင်ကြီးက ထိုကိစ္စကိုပြန်လည်ဆွေးနွေးရန် ကြိုးပမ်းသည်။ ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်မှူးချုပ်မောင်မောင်တို့က စဉ်းစားချင့်ချိန်နေခဲ့ ကြသည်။ တရုတ်နှင့် အေးတိအေးစက် ဖြစ်နေခြင်းက မင်္ဂလာဒုံ လေဆိပ်တွင် တရုတ်ခေါင်းဆောင်များကို တရုတ်အလံများဝှေ့ယမ်း၍ ကြိုဆိုရသည့် ကျောင်းသားကျောင်းသူများအတွက် ဒုက္ခကင်းနေသည်။

ကချင်သုံးရွာကို ပေးရမည့် ကိစ္စသည် ကချင်များအပေါ် မမျှတဟု ဗိုလ်မှူးချုပ်မောင်မောင်က ယူဆသည်။ သို့သော် ဗိုလ်အောင်ကြီးမှာ တရုတ်တို့နှင့် ဆက်ဆံရေးပြေပြစ်သဖြင့် တရုတ်ပြည်ခရီးစဉ်သည် အထမြောက်ခဲ့သည်။ ဗိုလ်ချုပ်နေဝင်းသည် သူ၏ ကိုယ်စားလှယ်အဖွဲ့တွင် ကချင်နိုင်ငံရေးခေါင်းဆောင်များ၊ တရုတ်-ဗမာအရေး ကျွမ်းကျင်သူများ၊ နယ်ခြားဒေသ အုပ်ချုပ်ရေးခေါင်းဆောင်များ၊ တရုတ်ဘာသာစကား ကျွမ်းကျင်သူများကိုပါဝင်ဖွဲ့စည်းခဲ့သည်။ ထိုပုဂ္ဂိုလ်များထဲတွင် မြေတိုင်းဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှအောင်လည်း တစ်ဦးအပါအဝင် ဖြစ်လေသည်။

တရုတ်-ဗမာ နယ်စပ်အရေးဆွေးနွေးပွဲတွင် တရုတ်တို့သည် ကချင်သုံးရွာကို ကပ်ကပ်သပ်သပ်တောင်းဆိုခဲ့ကြသည်။ ဆွေးနွေးနေရင်း အထက်လူကြီးများနှင့် တိုင်ပင်ဆွေးနွေးရန်ဟုဆိုကာ ခေတ္တရပ်နားချိန်များ အကြိမ်ကြိမ်ယူခဲ့ကြသည်။ တရုတ်ပြည်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တစ်လနီးပါးခန့် ကြာလာပြီဖြစ်သည်။ ဗိုလ်မှူးကြီးလှအောင်သည် တရုတ်ဧကရာဇ်နှင့် ဗြိတိသျှအင်ပါယာအကြား သတ်မှတ်ထားသည့် နယ်နိမိတ်များကို လက်လွှတ်မခံလိုခဲ့ပေ။ မြေမျက်နှာသွင်ပြင်နှင့် မဟာဗျူဟာအရ အရေးပါမှုတို့ကြောင့် အဆိုပါအရေးကြီးနေရာဒေသများနှင့် ပတ်သက်၍ ပိုမိုအသေးစိတ်ဆွေးနွေးလိုကြောင်း တင်ပြခဲ့သည်။ ဗိုလ်မှူးကြီးလှအောင်နှင့် မြန်မာနိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများကလည်း တရုတ်များအပေါ် ကပ်ဖဲ့ငြင်းခုံမှုများ ပြုလုပ်ခဲ့သည်။ စာအုပ်များထုတ်၍ အကိုးအကားများကို ပြသည်။

ဗိုလ်မှူးကြီးလှအောင်မှာ တောင်တက်သမားတစ်ဦးဖြစ်သလို မှန်ကန်တိကျသော ဗမာပြည်မြေပုံသစ်များကို ထုတ်ဝေနေသူဖြစ်သည်။ မြေတိုင်းသမားလည်းဖြစ်သည်။ ထို့ကြောင့် တောင်ချွန်း၊ တောင်ထွဋ်များမှာ မဟာဗျူဟာအရ အရေးပါသောနေရာများဖြစ်ကြောင်း ကောင်းစွာ သဘောပေါက်သူဖြစ်သည်။ သို့ဖြစ်၍ ဗြိတိသျှခေတ် နယ်နိမိတ်သတ်မှတ်ချက်များကို မြဲမြံစွာဆုပ်ကိုင်ထားရန် တိုက်တွန်းခဲ့သည်။ အကယ်၍ နယ်နိမိတ် နေရာများ တရုတ်ဖက် ပါသွားခဲ့သည်ဆိုလျှင်သော်မှ လက်ရှိဆွေးနွေးညှိနှိုင်းမှုများအရ တောင်ချွန်း၊ တောင်ထွဋ်စမှတ်များတစ်လျှောက် ဆွဲသားထားသည့် နယ်နိမိတ်မျဉ်းမှာ နှစ်နိုင်ငံသဘောတူညီမှု ရရှိပြီးသော နယ်နိမိတ်မျဉ်းများအဖြစ် မယိမ်းမယိုင် ကျန်ရှိနေမည်ဟု ဆိုခဲ့သည်။

ထို့ကြောင့် တရုတ်တို့ဖက်မှ ဆွေးနွေးညှိနှိုင်းသူများ ခြေကုန်လက်ပန်းကျလာခဲ့လျှင် တရုတ်-ဗြိတိသျှ နယ်နိမိတ် မျဉ်းအတိုင်း လက်ခံလာမည် ဟူသော မျှော်လင့်ချက်ဖြင့် ဆွေးနွေးညှိနှိုင်းမှုလုပ်ငန်းစဉ်ကို အချိန်ဆွဲ၍ ပြုလုပ်နေခဲ့သည်။ တရုတ်ဆွေးနွေးညှိနှိုင်းသူများလည်း ဖိအားများလာ၍ ဝန်ကြီးချုပ် ချူအင်လိုင်းထံ စောဒက တက်ခဲ့ကြသည်။ ဝန်ကြီးချုပ် ချူအင်လိုင်းကလည်း အခက်တွေ့နိုင်မည့် ကိစ္စများကို ရှောင်ရှား၍ ဖြစ်နိုင်သမျှ အမြန်ဆုံးသဘောတူညီရရှိရေးအတွက် ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်အောင်ကြီးတို့မှ ကြားဝင်စေ့စပ်ဖြန်ဖြေပေးပါရန် ပန်ကြားခဲ့သည်။ ဗိုလ်ချုပ်နေဝင်းသည် သူ့အိတ်ဆောင် နေ့စဉ်မှတ်တမ်းစာအုပ်ငယ်တွင် ရေးခြစ်ထားသည်များကို ပြန်ကြည့်သည်။

ဗိုလ်အောင်ကြီး၏ စိတ်တွင် သူနှင့်ဗိုလ်ချုပ်ကြီး နေဝင်းသည် ကာလကြာရှည်စွာ အငြင်းပွားခဲ့သည့် နယ်စပ်ပြဿနာကို အောင်အောင်မြင်မြင် အဆုံးသတ်လိုသည်။ ဤသို့ဖြင့် ဗိုလ်မှူးကြီးလှအောင်သည် သူ့ဖက်မှ ချက်ကျလက်ကျထောက်ပြ၍ တရုတ်များကို ဖိအားပေးနေမှုများကို ရပ်ဆိုင်းပစ်ခဲ့ရသည်။ ထို့နောက် တရုတ်-ဗမာ ၂ နိုင်ငံနယ်စပ်သဘောတူ ညီချက်ကိုယူဆောင်၍ ဗိုလ်ချုပ်ကြီး နေဝင်းနှင့် ဗိုလ်အောင်ကြီးတို့ ပြည်တော် ပြန်ခဲ့ကြလေသည်။ ကချင်ပြည်နယ်၌ ဆန္ဒပြမှုများ ကိုတော့ ဥပေက္ခာပြုထားလိုက်သည်။ ဗိုလ်ချုပ်နေဝင်းက ပန်းစည်းကိုမြှောက်၍ “ညီအစ်ကို”ဟု ကြွေးကြော်လိုက်ပြီး ဝန်ကြီးချုပ်ချူအင်လိုင်းက “ပေါက်ဖော်”ဟု ကြွေးကြော်ခဲ့ကြသည်မဟုတ်ပါလား။ ဗိုလ်အောင်ကြီးက China-Myanmar Border လိုင်းသည် သူ၏ Masterpiece ဟု ဆိုခဲ့သည်။

ဗိုလ်မှူးကြီး လှအောင်သည် ဗိုလ်မောင်မောင်နှင့် ဗိုလ်အောင်ကြီးတို့၏ ပန်ကြားချက်အရ ဗမာပြည်ခြေလျင်နှင့်တောင်တက် အသင်းကိုဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုသို့ ဗိုလ်မှူးကြီး လှအောင် တောင်တက်အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူနေချိန်သည် မြန်မာ-တရုတ်နယ်နိမိတ်စာချုပ်အရ ဖီမော်၊ ဂေါ်လန်နှင့် ကန်ဖန် ကျေးရွာများကို တရုတ်နိုင်ငံသို့ လွှဲအပ်ရတော့မည့် အချိန်ဖြစ်သည်။ နှစ်နိုင်ငံ ပူးတွဲမြေတိုင်းအဖွဲ့များလည်း လွှဲအပ်မည့်နယ်မြေများကို တိုင်းတာသတ်မှတ်လျက်ရှိကြပြီ ဖြစ်သည်။

ဗိုလ်မှူးကြီး လှအောင်သည် နောင်တွင် ထိုရွာများကို တရုတ်နိုင်ငံသို့ ပါသွားလျှင် သွားရောက်လေ့လာရန် မလွယ်ကူမည်စိုးသဖြင့် ဖီမော်တောင်ကြားလမ်းသို့ သွားရောက်လေ့လာရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဖိမော်ရွာသို့ ခရီးထွက်ခဲ့သည်။ တရုတ်နိုင်ငံသို့ လွှဲရမည့်ရွာများမှ ရွာသူရွာသားများကို ပြန်လည်နေရာချပေးရန် ကိစ္စနှင့်ပတ်သက်၍ ရောက်ရှိနေသည့် ဦးလဘန်ဂရောင်က “ရွာသူရွာသား များသည် ယင်းရွာများ၌ အိမ်အချို့ကို ဖျက်ယူကြပြီးနောက်၊ တရုတ်နိုင်ငံသို့ လွှဲအပ်ပေးရမည့် မြေနေရာ၏ အနောက်ဖက်၌ရှိသော မြန်မာနိုင်ငံဖက်သို့ ရွှေ့ပြောင်း၍ အသစ်ပြန်လည်ဆောက်ထားကြပြီး ဖြစ်သည်။ ထိုနေရာတွင် ယာယီတဲ တော်တော်များများကိုလည်း ဆောက်နှင့် ပြီးစီးကြပြီ။ မဖျက်ရသေးသည့် အိမ်တော်တော်များများ ကျန်နေသေးသည်။ သို့သော်လည်း လူတစ်ယောက်မျှ မတွေ့ရချေ”ဟု ဆိုခဲ့သည်။

ဗိုလ်မှူးကြီးလှအောင်သည် ဖီမော်တောင်ကြားလမ်းသို့ သွားရောက်လေ့လာခဲ့သည်။ တောင်ကြားလမ်းသို့ ခက်ခက်ခဲခဲသွားခဲ့ရပြီးနောက် တောင်ကြားလမ်းတစ်နေရာတွင် တရုတ်ကင်းသား တစ်ယောက်ကို တွေ့လိုက်ရသည်။ ဗိုလ်မှူးကြီးက ‘နီဟောင်’ဟု ဆိုကာ တရုတ်ကင်းသားကို လက်ဆွဲ နှုတ်ဆက်လိုက်သည်။ တရုတ်ကင်းသားက ဗိုလ်မှူးကြီးတို့အဖွဲ့ကို သစ်ကိုင်းများဖြင့်ဆောက်ထားသော တဲအတွင်းသို့ ခေါ်သွားခဲ့ပြီး တရုတ်စီးကရက်များကို ပန်းကန်အတွင်း ထည့်၍ သောက်ရန် တည်သည်။ ထို့နောက် လက်ဖက်ရည်ကြမ်းများကို သောက်ရန်တည်သည်။

အခြားကင်းသားများကို လှအောင်စံရှောဟု မိတ်ဆက်ပေးသည်။ ထို့နောက် တရုတ်ဒုဗိုလ်တစ်ဦး ရောက်လာကာ လက်ဖက်ရည်ကြမ်းနှင့် စီးကရက်များ သောက်ကြရန်၊ ဓာတ်ပုံမရိုက်ရန် ပြောခဲ့သည်။ ဗိုလ်မှူးကြီးတို့အဖွဲ့ ပြန်မည့်အချိန်ရောက်သောအခါ တရုတ်များက မပြန်ကြသေးရန် တားကြသည်။ တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် တစ်ခုခုစားသုံးရန် တောင်းပန်ခဲ့ကြသည်။ တရုတ်ကင်းသမားများလည်း အလျင်အမြန်ချက်ပြုတ်ကြပြီး ဗိုလ်မှူးကြီးတို့အဖွဲ့ကို ဝက်ပေါင်ခြောက်ကြော်၊ ပဲပုပ်စေ့ထောင်းကြော်၊ တရုတ်မုန့်ညင်းဟင်းချိုတို့ဖြင့် ကျွေးမွေး ဧည့်ခံကြသည်။ ထို့နောက် “ကျုံမိအင်ယူဟောင်းဝမ်စွေ့ (တရုတ်မြန်မာချစ်ကြည်ရေး တည်မြဲပါစေ)”ဟု အပြန်အလှန် နှုတ်ဆက်ခဲ့ကြသည်။

ဗိုလ်မှူးကြီးနှင့် အဖွဲ့သည် အပြန်ခရီးတွင် ဖီမော်၊ ခမ်ကွန်းရွာ၊ ထောဂေါ်ရွာ၊ မန်ဇမ်ရွာ၊ လောခေါင်ရွာ၊ ချီဖွေ့မှတစ်ဆင့် မြစ်ကြီးနားသို့ပြန်ခဲ့ကြသည်။ ထို့နောက် မြစ်ကြီးနားမှ ရန်ကုန်သို့ မီးရထားဖြင့် ပြန်ခဲ့ကြလေသည်။ ■

ရည်ညွှန်း - အိမ်စောင့်အစိုးရ (ဗိုလ်မှူးချုပ်မောင်မောင်) (စည်သူကျော် ဘာသာပြန်သည်။)



# စာအုပ်စင်ကဏ္ဍာ

| |
|---|
| လွင့်မျောနေသော ကမ္ဘာကြီး၏ အနုပညာသည်တစ်ဦး |
| စာရေးသူ = မြင့်သန်း |
| ထုတ်ဝေသူ = နှစ်ကာလများ စာအုပ်တိုက် |
| တန်ဖိုး = ၄၀၀၀ ကျပ် |




**ညီထွန်းလင်း**

နိုဘယ်လ်ဆုရ ဂျပန် စာရေးဆရာ ကာဇူအို အစ်ရှိဂူရိုရဲ့ လက်ရာကို ဆရာမြင့်သန်း ဘာသာပြန်ထားခြင်း ဖြစ်သည်။ အစ်ရှိဂို၏ လက်ရာများကို ဆရာမြင့်သန်းက မြန်မာစာဖတ်ပရိသတ်များနှင့် မိတ်ဆက်ပေးထားသော အခြား စာအုပ်တစ်အုပ်လည်း ရှိပါသည်။ ရေးရေးသာ မြင်ရသော တောင်ကုန်းများဖြစ်သည်။ ယခု စာအုပ်တွင် အစ်ရှိဂူရိုက ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် စစ်ကြီးပြီးဆုံးသွားသည့် ကာလအတွင်း ဖြတ်သန်းခဲ့ရသော ပန်းချီဆရာအိုကြီး တစ်ဦး၏ တွေ့ကြုံခံစားခဲ့ရမှုများကို ရေးပြထားခြင်း ဖြစ်သည်။ ဇာတ်လမ်းထဲတွင် အနုပညာသမားများ ရင်ဆိုင်ကြုံတွေ့ရသည့် အသစ်နဲ့အဟောင်းတိုက်ပွဲများ။ ဆရာနဲ့ တပည့်ကြားက သဘောတရားတိုက်ပွဲများ။ မိတ်ဆွေ အနုပညာသည်ခြင်း အနုပညာတိုက်ပွဲများ။ အနုပညာသည်၏ အနုပညာလက်ရာများမှတစ်ဆင့် မိသားစုအပေါ် သက်ရောက်ခဲ့သော ပတ်ဝန်းကျင် ရိုက်ခတ်ခံရမှုများကို အနုပညာမြောက်စွာ ရေးသားထားသော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ဒီအကြောင်း ပြောရင်တော့ ခင်ဗျားအနေနဲ့ မိုရိစံရဲ့အပြုအမူဟာ အတော်အတန်စီးပိုးတယ်လို့ ထင်ကောင်းထင်လိမ့်မယ်။ သို့ပေတဲ့ တကယ်လို့ လူတစ်ယောက်ဟာ မိုရိစံလိုလူသူလေးပါးက အမြဲလိုလေးစားရလောက်အောင်၊ အားကျစရာဖြစ်လောက်အောင် အခြေအနေမျိုးမှာ ရောက်ခဲ့ပြီဆိုရင်တော့ ကျုပ်တို့အငြင်းအခုံထဲ ပါဝင်ပတ်သက်ခဲ့ဖို့ မလိုဘူးဆိုတာကို နားလည်မှာပါ။ တပည့်လက်သားဆိုတာကလည်း အမြဲတစေ ဘာလုပ်၊ ညာလုပ်လို့ ညွှန်နေစရာမှ မလိုဘဲကိုး။ တစ်ခါတလေတော့လည်း တပည့်တွေဟာ သူတို့ဘာသာ နှီးနှောကြ၊ တွေးခေါ်ကြဖို့လိုတယ်မဟုတ်လား။ ကျုပ်ပြောခဲ့သလိုပါပဲ။ လူသူလေးပါးရဲ့ အရိုအသေ လေးစားမှုခံရတဲ့လူတိုင်း မိုရိစံရဲ့ အပြုအမူကို နားလည်မှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ဆရာကြီးရဲ့ လက်ရာနဲ့ ပတ်သက်လို့ ငြင်းခုံကြတာဟာ ရက်သတ္တပတ် အတော်ကြာတဲ့အထိ ငြင်းလို့ကို မပြီးဘဲ နေတတ်ပါတယ်။ ဆရာကြီးကတော့ တစ်လုံးတပါဒမှ ဝင်မပြောလေတော့ ကျုပ်တို့အဖို့၊ ကျုပ်တို့အထဲက တစ်ယောက်ရဲ့ အဆုံးအဖြတ်ကို တောင်းရတာပေါ့။ သူက ဆာဆကီပါ။ ဆရာကြီးမိုရိစံရဲ့ တပည့်ကျော်ပါ။ (စာ - ၁၉၄ မှ)

| |
|---|
| အော်ခေါ်နေရတဲ့မြို့ |
| စာရေးသူ = ကြယ်လွဲမိုး |
| ထုတ်ဝေသူ = ပြည်မြန်မာ စာအုပ်တိုက် |
| တန်ဖိုး = ၂၀၀၀ ကျပ် |




**ညီထွန်းလင်း**

ဝတ္ထု အရေးကောင်းသလို အက်ဆေးတွေလည်း အရေးကောင်းတဲ့ စာရေးဆရာကြယ်လွဲမိုးရဲ့ အက်ဆေးစုစည်းမှု စာအုပ်ဖြစ်ပါတယ်။ ဆရာကြယ်လွဲမိုးက ယခု စာအုပ်ရှေ့မှာလည်း ဝတ္ထုတိုပေါင်းချုပ် စာအုပ်တစ်အုပ် ထွက်ရှိထားပါတယ်။ အက်ဆေးနဲ့ဝတ္ထုဟာ စာပေပုံစံချင်း အမျိုးအစားချင်းမတူပါဘူး။ အက်ဆေးတစ်ပုဒ် ဖတ်ရတာဟာ စာရေးသူနဲ့ ရင်းရင်းနှီးနှီး စကားပြောဆိုရတာနဲ့ ပိုတူပါတယ်။ စာရေးသူက သူ့ရဲ့အတွေးသူ့ရဲ့ အမြင်တွေကို အေးအေးလူလူနဲ့ ပြောပြနေသလိုမျိုး ခံစားရပါတယ်။ စာရေးသူပြောတဲ့ အကြောင်းတွေက ကြီးကျယ်ချင်လည်း ကြီးကျယ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကြောင်းတွေ ဖြစ်နိုင်သလို တစ်ခါတရံကျရင်လည်း အသေးအဖွဲ ဘာမဟုတ်တဲ့ အကြောင်းလေးတွေလည်း ဖြစ်နိုင်ပါတယ်။ တယ်လီဖုန်းတွေ အကြောင်း ဖြစ်နိုင်သလို၊ အိမ်ရှေ့က ပန်းပင်လေးတွေအကြောင်းလည်းဖြစ်နိုင်ပါတယ်။ လက်ဖက်ရည်ဆိုင်လေး တစ်ဆိုင်အကြောင်းလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုအကြောင်းအရာမျိုးကိုပဲ ပြောသည်ဖြစ်စေ အဲဒီအကြောင်းအရာနဲ့ ပတ်သက်တဲ့ စာရေးသူရဲ့ လောကအမြင်တွေ၊ ခံစားမှုတွေကို လှပစွာ၊ သိမ်မွေ့နူးညံ့စွာ စူးရှစွာမြင်ရမှာဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာလည်း ဆရာကြယ်လွဲမိုးက အက်ဆေး(၂၃)ပုဒ်ကို လှပစွာ ပြောပြထားပါတယ်။

လူဆိုသည်မှာတန်ခိုးရှင် မဟုတ်ပေမဲ့ တစ်ခါတရံ တောင့်တသည့် အရာများ ပြည့်ဝတတ်သည်ကို မေ့လျော့နေတတ်ပါသည်။

ကျွန်တော်တို့ တောင့်တခဲ့ရသော လမ်းဘေးကဖေးဆိုင်လေး တစ်ဆိုင် ရုံးလမ်းကြားလေးမှာ ပေါ်လာသည်။ ကျွန်တော်တို့က ဆိုင်ဟု သတ်မှတ်ထားသော်လည်း သူ့ခမျာ ဆိုင်၏အင်္ဂါရပ်များ ဖြစ်သည့် အမိုးအကာ မရှိ။ နာမည်မရှိ။ ဗာဒံပင်လေးအောက်မှာ အဖျော်ခုံလေးက လက်တွန်းလှည်းကလေးနှင့်။ ပလက်ဖောင်းပေါ်မှာ ဖြန့်ခင်းထားသော ပလတ်စတစ် ခုံလေးတွေကလည်း ခပ်ညစ်ညစ်။ ခေါင်းကုတ်လိုက်၊ နှပ်ညစ်လိုက်နှင့် ပလတ်စတစ်ခုံ ကလေးတွေကြား တိုးဝှေ့သွားနေသော စားပွဲထိုး ချာတိတ်ကလေးကလည်း တစ်ယောက်တည်း။ မည်သို့ပင်ရှိစေ ကော်ဖီကြိုက်သော ကျွန်တော်တို့လူစုသည် ထိုဆိုင်လေးမှာ တိုးဝှေ့ထိုင်ကြသည်။ စကားတွေ အကျယ်ကြီး အော်ပြောကြသည်။ လမ်းတွေကို ငေးကြသည်။ စီးကရက် ရှိုက်ဖွာကြရင်း လွတ်လပ်ခွင့်တွေကို လွတ်လပ်စွာ ပြောဆိုကြသည်။ စားပွဲထိုးကလေးကို လက်ခုပ်တီး ခေါ်ကြသည်။ ကော်ဖီခွက်တွေကို မြှောက်ပြရင်း အဖျော်ဆရာကို စိတ်တိုင်းကျ ဂျီကျကြသည်။ (စာ - ၂၅ မှ)

# လူကြီးမင်းတို့အတွက်
## အထွေထွေဝန်ဆောင်မှုလုပ်ငန်းများ

### ပန်းရံ၊ လက်သမား
**ဦးအောင်မိုးဆန်း**
**ဖုန်း-၀၉၇၆၁၃၇၃၀၉၅**
**ဖုန်း-၀၉၄၀၀၀၂၁၇၆၉**

### ရေဘုံဘိုင်
**ဦးဒီးရမ်**
**ဖုန်း-၀၉၄၀၀၀၃၂၃၅၂**
**ဖုန်း- ၀၉၂၅၉၈၂၉၃၉၅**

### မီးပြင်ဆရာ
**ဦးနေအောင်**
**ဖုန်း-၀၉၄၄၀၉၇၉၈၅၅**

### အဲယားကွန်း
**ဦးအောင်းနီ**
**ဖုန်း-၀၉၇၉၆၅၇၃၂၄၆**

| အသုံးဝင်သော ဖုန်းနံပါတ်များ | |
|---|---|
| ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | ၀၇၄-၂၂၃၆၃၊ ၂၂၄၄၄ |
| မြို့မရဲစခန်း | ၀၇၄-၂၂၆၀၄ |
| နယ်မြေရဲစခန်း | ၀၇၄-၂၂၆၀၅ |
| မူးယစ်(အထူး) | ၀၇၄-၂၀၈၉၈ |
| မှုခင်းရဲတပ်ဖွဲ့ | ၀၇၄-၂၃၉၃၇ |
| ယာဉ်ထိန်းရဲ | ၀၇၄-၂၂၃၀၈ |
| မီးသတ်တပ်ဖွဲ့ | ၀၇၄-၂၂၄၆၇ |
| လူကုန်ကူးမှုတားဆီးရေး | ၀၇၄-၂၀၈၉၈ |
| ပြည်သူ့ဆေးရုံ (ဆေးရုံအုပ်ကြီး) | ၀၇၄-၂၂၃၀၃ |

## အမည်ပြောင်းကြေညာခြင်း

အဖ ဦးနေဝင်း(၁၂/ရပသ(နိုင်)၀၃၃၂၄၉ )နှင့် အမိ ဒေါ်တင်မိုးမိုးအောင် (၁/မကတ(နိုင်)၀၆၁၅၀၃)တို့၏သား သည် အိမ်ထောင်စုထဲတွင် မောင်ကျော်ခေါင် ဟု မှားယွင်းနေသောကြောင့် မောင်ကောင်းမြတ်ဟိန်း ဟုပြောင်းလဲခေါ်ဆိုပေးပါရန်သတိပေး ကြေညာအပ်ပါသည်။

**မိုးညှင်း ဖြန့်ချိရေးတာဝန်ခံ**
နန်ဂျာ

**ပူတာအို ဖြန့်ချိရေးတာဝန်ခံ**
ဇမီအုန်း

# Covid-19 ဖြစ်ပွားနေသည့် ကာလအတွင်း စစ်ရှောင်ကိုယ်ဝန်ဆောင် အမျိုးသမီးများ စိုးရိမ်မှုရှိနေ

Covid-19 ဖြစ်ပွားနေသည့် ကာလအတွင်း စစ်ရှောင်စခန်းမှ ကိုယ်ဝန်ဆောင် အမျိုးသမီးများ အခက်အခဲကြုံနေရပြီး စိုးရိမ်မှုများ ရှိနေကြောင်း ကိုယ်ဝန်ဆောင် အမျိုးသမီးအချို့က ပြောသည်။

ကိုယ်ဝန်ဆောင် အမျိုးသမီးများ အနေဖြင့် ယခုကဲ့သို့ ကပ်ရောဂါ ကာလအတွင်း ၎င်းတို့ရင်သွေးအပေါ် ထိခိုက်မှုများ ဖြစ်လာမည်ကို စိုးရိမ်နေကြသောကြောင့် အရေးကြီးကိစ္စဖြင့် အပြင်ထွက် သွားလာရန်ပင် ကြောက်ရွံ့နေကြခြင်း ဖြစ်သည်။

ထို့အပြင် စစ်ရှောင်စခန်းသို့ ကျန်းမာရေး ဝန်ထမ်းများ လာရောက်ကြည့်ရှုပေးမှုများလည်း မရှိခြင်းကြောင့် အခက်အခဲဖြစ်နေရကြောင်း ဂျန်မိုင်ကောင်ကောဘီစီ စစ်ရှောင်စခန်းက ကိုယ်ဝန်ခြောက်လ ရှိပြီဖြစ်သည့် ဒေါ်ထုဆမ်က ဆိုသည်။

"စိုးရိမ်နေတာက ဆေးရုံမှာတွေ ကာကွယ်ဆေး သွားထိုးဖို့ကျတော့ အခုရောဂါအကြောင်း အရမ်းပြောနေကြတော့ ဆေးရုံသွားလည်း ကြောက်၊ ဆေးခန်းသွားလည်း ကြောက်ဖြစ်နေတယ်။ ဒီက တာဝန်ခံဆရာမတွေကလည်း မလာဆိုတော့ ဘယ်လိုဖြစ်လာမလဲ ဆိုပြီး စိတ်ထဲမှာ ကလေးရဲ့ ကျန်းမာရေးကို စိုးရိမ်နေရတယ်" ဟု ဒေါ်ထုဆမ်က ဆိုသည်။

သွားလာရေး လမ်းကြောင်း ပိတ်ဆို့ပြီး အလုပ်အကိုင် မရှိခြင်းကြောင့်လည်း ငွေရေးကြေးရေးပိုင်း အခက်အခဲရှိနေပြီး မီးဖွားချိန်ရောက်လျှင် ဒုက္ခရောက်မည်ကို တွေးပူနေရကြောင်း မိုင်းနား အာစီစစ်ရှောင်စခန်းမှ ကိုယ်ဝန်ဆောင် ဒေါ်ဇယ်နော က ပြောသည်။

"နဂိုကတည်းက ဘယ်မှလည်း ထွက်လို့မရ ပိုက်ဆံလည်း ရှာလို့မရဆိုတော့ ကလေးမွေးမယ့်အချိန်ခက်လာမှာ အရမ်းစိုးရိမ်တယ်။ အဲ့ဒါသာမက ဆေးရုံမှာတွေ ဘယ်လိုဖြစ်လာမလဲ ဆိုတာကိုလည်း စိုးရိမ်နေတယ်"ဟု ဒေါ်ဇယ်နောက ပြောသည်။

ကိုယ်ဝန်ဆောင်များအနေဖြင့် ကိုယ်ခံအားကောင်းအောင် နေထိုင်ရန် လိုအပ်ရုံသာမက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ချက်များကို အတိအကျ လိုက်နာဆောင်ရွက်ရန်သာလိုပြီး အထူးတလည် အစိုးရိမ်မလွန်ကြရန် လိုအပ်ကြောင်း မြစ်ကြီးနားမြို့မှ အထွေထွေရောဂါကု ဆရာဝန်ကြီး ဒေါက်တာစန်းမြင့်က ပြောသည်။



"သာမန်လူတွေတောင် ဖြစ်နေတာဆိုတော့၊ ကိုယ်ဝန်ဆောင်တွေက ပိုပြီးသတိထားသင့်တယ်။ အထူးသဖြင့် အိပ်ရေးဝအောင် အိပ်ပါ။ အစားကောင်းကောင်းစားပါ။ ကိုယ်ဝန်ဆောင် အားဆေးတွေလည်း မှန်မှန်စားပါ။ အလွန်အကျွံ စိုးရိမ်တာလည်း မဖြစ်ပါနဲ့ အရမ်းကြီးစိုးရိမ်နေတယ်ဆိုသိပ်မကောင်းဘူး။ ကလေးကို သွားအနှောင့်အယှက်ဖြစ်နိုင်တယ်"ဟု ဒေါက်တာစန်းမြင့်က သတိပေးပြောကြားသည်။

ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်သောကြောင့် လက်ရှိ စစ်ရှောင်စခန်းမှ ပြည်သူများအနေဖြင့် ပြင်ပထွက်ကာ အလုပ်လုပ်ကိုင်မှုကို တားမြစ်ထားပြီး စားဝတ်နေရေးအတွက် စိုးရိမ်နေရသည့် အခြေအနေဖြစ်နေကြောင်း စစ်ရှောင်ပြည်သူများက ပြောသည်။ ■

Ann

# နေ့စားအလုပ် လုပ်ကိုင်နိုင်ခြင်း မရှိသည့်အတွက် စစ်ရှောင်ပြည်သူများ အခက်တွေ့

ဧပြီ ၃၀

Covid -19 ကာလအတွင်း စစ်ရှောင်များအနေဖြင့် အပြင်သို့ နေ့စားသွားရောက်အလုပ်လုပ်ကိုင်နိုင်ခွင့် မရှိသည့်အတွက် ၎င်းတို့၏ စားဝတ်နေရေးကို စိုးရိမ်နေကြောင်း သိရသည်။

စစ်ရှောင်တချို့ ရောဂါမဖြစ်ပွားခင်က အပြင်ထွက်ပြီး နေ့စားလုပ်ငန်းကို လုပ်ကိုင်နိုင်ခဲ့ကြသော်လည်း အခုအချိန်တွင် Covid -19 ဖြစ်ပွားနေချိန်ဖြစ်သည့်အတွက် စခန်းအပြင်ဖက် သွားလာကာ အလုပ်လုပ်ကိုင်ခွင့်ကို အချိန်ကန့်သတ်၍ ပိတ်ထားကြောင်း ဂျန်မိုင်ကောင်းစစ်ရှောင်စခန်းက ဒုတိယတာဝန်ခံဦးထွယ်အောင်က ပြောသည်။

"ဒီရောဂါကို ကြားလို့ အရမ်း ကြောက်နေကြပါတယ်။ ဒါကြောင့် အပြင်တွေ မသွားခိုင်းတော့ဘူး။ နဂိုကတည်းက စစ်ရှောင်ဆိုတော့ ခက်တယ်။ ဘယ်သူမှ စုဆောင်းထားတာ မရှိဘူး။ အရမ်းကြီး တင်းကြပ်လိုက်ပြန်ရင်လည်း တကယ်ပဲ ပိုဖြစ်လာပြီး ပိုကြောက်စရာကောင်းလာတဲ့အခါ အစိုးရကချမှတ်တဲ့ Lock Down ကို တကယ်လုပ်လိုက်ရင် ကျွန်တော်တို့ ပိုခက်ခဲလာမလားဆိုတာကို စိုးရိမ်တဲ့အတွက် အရမ်းကြီး ပိတ်ပင်တာမျိုးတော့ မလုပ်ပါဘူး" ဟု ဦးထွယ်အောင်က ပြောသည်။

အလုပ်အကိုင် အခက်အခဲများကြောင့် သက်ကြီးရွယ်အိုရှိသည့် မိသားစုနှင့် ကလေးများသည့် မိသားစုများက စားဝတ်နေရေး ခက်ခဲသည့် ဒဏ်ကို အများဆုံး ခံစားနေရကြောင်း သိရသည်။

"ဒီမှာက အသက်ကြီးတဲ့သူတွေလည်း အများကြီး ရှိတယ်။ အသက်ကြီးသူတွေက ပိုပြီး စိတ်အားငယ်ကြတယ်။ သူတို့က စုထားတာလည်း ဘာမှမရှိဘူး။ ပြီးတော့ ကလေးတွေ အများကြီးရှိတဲ့အိမ်တွေ ရှိကြတယ်။ အရင်ကဆို ကလေးတွေကို အိမ်မှာထားခဲ့ပြီး နေ့စားတွေ သွားကြတယ်။ အခုက ရောဂါကြောင့် ဘယ်ကိုမှ မသွားလာရဘူးလို့ပြောတော့ နေ့စားလည်းသွားလို့ မရတော့ဘူး။ နေ့စားမသွားနိုင်တော့တဲ့အတွက် ကလေးတွေလည်း အာဟာရတွေလည်း ချို့တဲ့လာတယ်"ဟု ဒေါ်ခေါင်နော်က ပြောသည်။

စစ်ရှောင်ပြည်သူများက လက်ရှိအချိန်တွင် စားနပ်ရိက္ခာ ရရှိရေးအတွက် ပိုမိုစိုးရိမ်နေသဖြင့် အစိုးရဖက်မှ ထောက်ပံ့ပေးသည့် အခြေခံ လူတန်းစားစာရင်းတွင် စစ်ရှောင်များကိုလည်း ထည့်သွင်းစဉ်းစားကာ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်သွန်စသည့် ကုန်စည်များကို ထောက်ပံ့ပေးရန် တောင်းဆို နေကြသည်။



"အစိုးရက အခြေခံလူတန်းစားတွေကို ထောက်ပံ့ပေးမယ်ဆိုတာ ကြားတော့ ကျွန်မတို့ စစ်ရှောင်ပြည်သူတွေကိုလည်း ပေးမှာပဲဆိုပြီး အရမ်းမျှော်လင့်ထားခဲ့တာ ဟုတ်တယ်။ အခု ကျွန်မတို့ ခက်ခဲနေချိန် သူတို့နည်းနည်းလေးဖြစ်ဖြစ် လာကူညီတာ ကျွန်မတို့အရမ်းဝမ်းသာတယ်။ အခုနောက်ပိုင်းကျတော့ စစ်ရှောင်တွေအတွက် မပါဘူး။ နဂိုကတည်းက တောင် စစ်ရှောင်စခန်းမှာ ခက်နေပါတယ်ဆိုမှ အခု ပိုပြီး ခက်ခဲတာကို ခံစားသွားရပါတယ်" စစ်ရှောင်ပြည်သူ ဒေါ်ခေါင်နောက ပြောသည်။

စစ်ရှောင်စခန်းတချို့ကို ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးက ၁၄ ရက်စာ ဆန်များကို ထောက်ပံ့ပေးထားပြီး ဖြစ်ကြောင်းနှင့် မရရှိသေးသည့် ကျန်စခန်းများကိုလည်း ဆက်လက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

"စစ်ရှောင်တွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာလူမှုရေးဝန်ကြီးက သကြံန်မတိုင်ခင်မှာ ၁၄ ရက်စာ ဆန်တွေ ပေးထားတယ်လို့သိရတယ်။ များသောအားဖြင့် မရသေးတဲ့စစ်ရှောင်စခန်းကလူတွေကိုလည်း သက်ဆိုင်ရာ လူမှုရေးဝန်ကြီးက ချပေးသွားဖို့ အစီစဉ်ရှိတယ်လို့လည်း သိရတယ်"လို့ မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

စစ်ရှောင်များကို အချိန်ကန့်သတ် သွားလာခွင့်ပေးခဲ့သည်မှာ ယနေ့အထိ တစ်လခန့်ကြာပြီဖြစ်ကြောင်း ဂျန်မိုင်ကောင်း စစ်ရှောင်စခန်း ဒုတိယတာဝန်ခံ ဦးထွယ်အောင်ထံက သိရသည်။■

မွန်းမွန်းပန်၊ Ann







# တရုတ်နိုင်ငံကို တင်ပို့နိုင်ခြင်း မရှိတော့သည့်အတွက် ဖရဲသီးဈေးကွက်ပျက်

မေ ၁၁

ရာသီပေါ်သီးနှံ ဖြစ်သော ဖရဲသီးများသည် Covid-19 ကာလအတွင်း တရုတ်နိုင်ငံကို တင်ပို့နိုင်ခြင်း မရှိတော့သည့်အတွက် မြို့တွင်း ဈေးကွက်တွင် အသီးတင်ပို့မှုများ ပေါများလာပြီး ဖရဲသီးဈေးသည်များ အခက်အခဲဖြစ်နေကြောင်း သိရသည်။

ပုံမှန်နှစ်များတွင် ဝိုင်းမော်မြို့နယ်ဖက်မှ မြေငှားရမ်းကာ လာရောက်စိုက်ပျိုးသည့် တရုတ်ဖရဲသီးများကို နယ်စပ်ဂိတ်များမှ တရုတ်နိုင်ငံကို အမြောက်အမြားတင်ပို့ပြီး အနည်းအကျဉ်းသာ မြို့တွင်းဈေးကွက်သို့ ရောက်ကြရခြင်းဖြစ်သော်လည်း ယခုနှစ်တွင် နယ်စပ်ဂိတ်များ ပိတ်လိုက်ခြင်းကြောင့် မြို့တွင်း ဈေးကွက်များတွင် ပေါများနေရခြင်း ဖြစ်သည်။

ယင်းကဲ့သို့ ပြည်ပကို တင်ပို့ခွင့် မရှိခြင်းကြောင့် စိုက်ခင်းမှ မြို့တွင်းဆိုင်များသို့ တိုက်ရိုက်တင်ပို့မှုများ ရှိနေပြီး၊ မြို့တွင်းပုံမှန်ဒိုင်များမှ လက်ကားလာရောက်ဝယ်ယူသူများ နည်းပါးလာကြောင်း ဖရဲသီးဒိုင် ဒေါ်တင်မာဦးက ပြောသည်။

“ရောင်းကွက်ကလည်း အဆင်မပြေတော့ဘူးလေ။ တရုတ်သီးက တအားပေါတော့၊ အရင်နှစ်တွေကတော့ အန်တီတို့က သူတို့ဆီက ဝယ်လို့မရဘူးလေ အသီးရှားတယ်။ ဒီနှစ်ကတော့ တရုတ်ပြည်ကို မပို့ရဘူး။ ပိတ်လိုက်တဲ့ အခါကျတော့ တအားပေါသွားတယ်။ ဆိုင်တိုင်းမှာလည်း ရှိတယ်။ ကိုယ့်ဆီ ငါးဆယ်တို့ တစ်ရာတို့ ယူတဲ့သူတွေကလည်း အခင်းကနေ တိုက်ရိုက်ပို့တော့ အန်တီတို့က သူတို့ကို ဖောက်သည် ပြန်ပို့လို့ မရတော့ဘူးလေ။ အခု အန်တီတို့က တစ်လုံးနှစ်လုံး စားဖို့လောက်ပဲ ရောင်းနေရတာပေါ့”ဟု ဒေါ်တင်မာဦးက ပြောသည်။

ထို့အပြင် ဖရဲသီးပေါ်စအစောပိုင်းတွင် မြစ်ကြီးနားမြို့၏ ရာသီဥတုအခြေအနေကြောင့်လည်း လက်လီလာရောက် ဝယ်ယူသူနည်းပါးခဲ့ကြောင်း ဖရဲသီးဒိုင်တစ်ဦးဖြစ်သည့် ဒေါ်ခင်မြက ပြောသည်။



ယခင်နှစ်များတွင် တစ်ရက်လျှင် ဖရဲသီးရောင်းရငွေ သိန်းဂဏန်း ဝင်နေကျဖြစ်သော်လည်း ယခုနှစ် ဖရဲသီး ဈေးကွက် ကျဆင်းမှုကြောင့် သောင်းငွေရောင်းရရန်ပင် ခက်ခဲနေရုံသာမက အမြောက်အမြား သိုလှောင်ထားသော အသီးများ ရက်လွန် ပုပ်သိုးလာခြင်းကြောင့်လည်း အရှုံးပေါ်ရန် အခြေအနေ ဖြစ်နေကြောင်း ဖရဲသီးသည်တစ်ဦး ဖြစ်သည့် ဒေါ်မီးမီးက ဆိုသည်။

“ဒီနှစ်ကတော့ ရောဂါဖြစ်တယ်ဆိုတော့ ရောင်းမှ မရောင်းရတာ။ လေးငါးထောင်ပဲ။ အသီးပုပ်တာ အခုမနက်ဆိုရင် ဆယ်လုံးလောက်ရှိတယ်။ အခုဆို အမြတ်မပြောနဲ့ အရင်းတောင်မရသေးဘူး”ဟု ဒေါ်မီးမီးက ပြောသည်။

နှစ်စဉ် ဖရဲသီးပေါ်သည့် ရာသီအတွင်း မြို့တွင်း ဖရဲသီးဒိုင်များသည် မိုးကောင်း၊ ကသာ စသည့် ပြည်တွင်းတွင် စိုက်ပျိုးသည့် အသီးနှင့် တရုတ်စိုက်ခင်းပိုင်ရှင်များမှ မြေငှားရန်းကာ လာရောက်စိုက်ပျိုးသည့် တရုတ်ဖရဲသီးဆိုကာ နှစ်မျိုးနှစ်စား ရောင်းချလျက်ရှိကြောင်း သိရသည်။ ■

Ann

---

# မြစ်ကြီးနား၊ ဝိုင်းမော်မြို့နယ်များတွင် စက်ရုံအလုပ်ရုံအချို့နှင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသည့်
## လုပ်ငန်းအချို့ ဆက်လက်လည်ပတ်နိုင်ရန် အခက်တွေ့



မေ ၁၁

လက်ရှိ Covid-19 ရောဂါကြောင့် မြစ်ကြီးနား၊ ဝိုင်းမော်မြို့နယ် တို့တွင် စက်ရုံ အလုပ်ရုံ အချို့နှင့် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေသည့် လုပ်ငန်းအချို့ ဆက်လက် လည်ပတ်နိုင်ရန်အတွက် အခက်အခဲတွေ ကြုံနေရကြောင်း သိရသည်။

ယခင်က စက်ရုံတွင် အလုပ်သမားဦးရေ ၅၀ ဝန်းကျင်ရှိသော်လည်း ရောဂါကြောင့် အဝေးမှလာရောက်လုပ်ကိုင်သည့် အလုပ်သမားအချို့ကို မိဘများက စိုးရိမ်၍ ပြန်လည် ခေါ်ယူမှုကြောင့် ယခုချိန်၌ အလုပ်သမား အနည်းစုနှင့်သာ စက်ရုံကို လည်ပတ်နေရကြောင်း ခါကာဘိုရာဇီရေသန့် စက်ရုံမှူး ကိုဇော်လင်းထူးက ပြောသည်။

“Covid ဖြစ်တဲ့အချိန်မှာ နယ်ဝေးက အလုပ်သမားတွေကို မိဘတွေ စိုးရိမ်ပူပန်လို့ ပြန်ခေါ်ကြတယ်။ လုပ်ငန်းရှင်ဖက်က လျှော့ချလိုက်တာတော့ မဟုတ်ပါဘူး။ သူတို့ ဆုံးဖြတ်ချက်နဲ့ သူတို့ ပြန်သွားကြတယ်။ အခုဆို စက်ရုံမှာ အလုပ်သမား ၁၀ ယောက်ကျော်ပဲ ရှိတော့တယ်”ဟု ကိုဇော်လင်းထူးက ဆိုသည်။

ကားလိုင်းပြေးဆွဲမှု ရပ်နားထားခြင်းကြောင့်လည်း ကုန်ကြမ်းများ မှာယူရန် အခက်အခဲ တွေ့ကြုံတွေ့နေရပြီး ကုန်ချောထုတ်လုပ်မှု လျော့နည်းသွားသောကြောင့် ရောဂါဖြစ်ပွားသည့်ကာလ ကြာရှည်သွားမည်ဆိုပါက စက်ရုံလည်ပတ်မှုအတွက် စိုးရိမ်စရာများ ရှိလာနိုင်ကြောင်း ကိုဇော်လင်းထူးက ဆက်လက်ပြောသည်။

“ကုန်ကြမ်းတွေ မှာယူဖို့လည်း ကားလမ်းတွေ၊ ဘာတွေ ပိတ်တော့ ခက်ခဲတယ်။ ကုန်ဈေးနှုန်းတွေလည်း နှစ်ဆတက်သွားတယ်။ တကယ်လို့ ကြာရှည်သွားလို့ရှိရင် ကုန်ကြမ်းတွေလည်း မရတော့ရင်တော့ လုံးဝ စက်ရုံတောင်မှ နားထားရမယ့် အခြေအနေ ဖြစ်သွားမှာပေါ့”ဟု ၎င်းက ဆိုသည်။

စံပြစားသုံးဆီ အရောင်းဆိုင်အနေဖြင့်လည်း ယခင်က အချိန်ပြည့်ဖွင့်လှစ်ရောင်းချခဲ့သော်လည်း ယခုအချိန်၌ ပြည်သူလူထုများ အပြင်ထွက်ကာရောင်း၊ဝယ်ကြခြင်းများ လျော့နည်းသွားသောကြောင့်၊ အချိန်ပိုင်းဖြင့်သာ ရောင်းချနေရသဖြင့် ရောင်းအားများ ကျဆင်းသွားကြောင်း စံပြ စားသုံးဆီ အရောင်းဆိုင်ပိုင်ရှင် ဒေါ်သိန်းသိန်းဆွေက ပြောသည်။

“ရောင်းအားလည်း တအား ကွာသွားတယ်။ ဖြစ်ခါစကသာ ရောင်းကောင်းတာ။ အားလုံးက ကြောက်အားလန့်အားနဲ့ဝယ်ပြီး စုဆောင်းကြတယ်။ အခုက အိမ်ထဲမှာပဲ နေကြတယ် ဆိုတော့ အချိန်ပိုင်းနဲ့ပဲ ဆိုင်ဖွင့်တော့တယ်”ဟု ဒေါ်သိန်းသိန်းဆွေက ရှင်းပြသည်။

ဝိုင်းမော်မြို့နယ်မှ “ရှမ်းမင်းသမီး” ဆန်စက်ပိုင်ရှင် ဦးတင်လှိုင်ကလည်း ယခင်က ကုန်သည်များကို လက်ခံပေမယ့်လည်း ယခုအချိန်တွင် ယာယီလက်ခံမှု ရပ်နားထားရပြီး၊ စပါးလာကြိတ်သည့် တောင်သူများကိုလည်းရောဂါကာကွယ်သည့် အနေဖြင့် လူနည်းစုသာ လက်ခံထားကြောင်းလည်း သိရသည်။

“စပါးလာကြိတ်ရင် ချပြီးဆန်ဖြစ်အောင် မစောင့်ခိုင်းတော့ဘူး။ တချို့ကုန်သည်ဆို မြစ်ကြီးနား၊ ဝိုင်းမော်ပို့တဲ့ဟာလည်း ရှိတယ်။ တချို့က မြတ်ချင်တယ်။ ဈေးတင်ရောင်းရင် ကျွန်တော်တို့မှာ လာထိတယ်လေ။ အဲ့ဒါကြောင့် ကုန်သည်တွေကို လက်မခံတော့ဘူး”ဟု ဦးတင်လှိုင်က ဆိုသည်။

လက်ရှိ မြစ်ကြီးနားမြို့ပေါ်တွင် Covid-19 ရောဂါကြောင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်နေသည့် လုပ်ငန်းအချို့လည်း ယာယီရပ်နားထားခြင်းများရှိနေပြီး စက်ရုံ၊ အလုပ်ရုံအချို့မှာလည်း အလုပ်သမား အနည်းစုနဲ့သာ လည်ပတ်နေကြောင်း မြင်တွေ့ရသည်။ ■

Benadeth

# မြစ်ကြီးနားမြို့တွင် mask မတပ်သူများကို အရေးယူဆောင်ရွက်မည်



မေ ၁၁

မြစ်ကြီးနားမြို့တွင် Covid-19 ကာကွယ်ထိန်းချုပ်ရန်အတွက် mask မတပ်သည့်သူများကို မေလ ၁၃ ရက်နေ့က စတင်ပြီး အရေးယူ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းထံမှ သိရသည်။

လက်ရှိ အချိန်တွင် Covid-19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီများဖွဲ့စည်းထားပြီး၊ မြို့နယ်စည်ပင်သာယာ ကော်မတီဝင်အဖွဲ့များနှင့် စည်ပင်သာယာ ဈေးနှင့် လမ်းဆုံများတွင် နေ့စဉ် လိုက်လံစစ်ဆေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးသန်းဝင်းက ပြောသည်။

“ကျွန်တော်တို့ မြို့နယ်အဆင့်အနေနဲ့ အစည်းအဝေးတွေ နေ့စဉ်လုပ်နေတယ်။ ပြည်သူအချို့တွေက စည်းကမ်း လိုက်နာမှုတွေ သိပ်အားနည်းနေတာတွေ့ရတယ်။ ကျွန်တော်တို့ နေ့စဉ်စစ်ဆေးတော့မှာ ဖြစ်ပါတယ်”ဟု ၎င်းကပြောသည်။

မေလ ၁၂ ရက်နေ့တွင် ပညာပေး စစ်ဆေးဆောင်ရွက်မှုကို ပြုလုပ်ပေးခဲ့ပြီး mask တပ်ဆင်ရေး အသိပညာပေးလုပ်ငန်း လုပ်ပြီးသည့်နောက်ပိုင်းတွင်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဦးသန်းဝင်းက ဆက်လက်ရှင်းပြသည်။

“အခုက ကျွန်တော်တို့က တော့ ရောင်းတဲ့သူ mask မတပ်ရင် စည်ပင်သာယာရေးဥပဒေနဲ့ အရေးယူသွားမှာဖြစ်တယ်။ ဝယ်တဲ့သူ mask မတပ်ရင် ကူးစက်ရောဂါကာကွယ်ရေး ဥပဒေနဲ့ အရေးယူမယ်ဆိုရင် အနည်းဆုံး ထောင်ဒဏ် ၆ လခန့် ဖြစ်ဒဏ်ဖြစ်တဲ့အတွက်၊ သူတို့ကို ကျွန်တော်တို့ ဖြစ်နိုင်ရင်တော့ mask တွေ တပ်မလာဘူးဆိုရင် ဈေးထဲကို အဝင်မခံဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောသည်။

မြစ်ကြီးနားမြို့တွင် ညမထွက်ရ ဒေသန္တရအမိန့် ထုတ်ပြန်ပြီးနောက်လည်း နေ့စဉ်အရေးယူခံရသူများ ရှိနေသည့်အတွက် စည်းကမ်းလိုက်နာမှု အလွန်နည်းပါးနေသည်ကို တွေ့ရကြောင်း ဦးသန်းဝန်းက သူ၏အမြင်ကို ပြောသည်။

ပြည်သူများ အနေဖြင့် ပေါ့ပေါ့တန်တန် မနေဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်စေလိုကြောင်း ဦးသန်းဝင်းက သတိပေးပြောကြားသည်။

မြစ်ကြီးနားမြို့တွင် ညမထွက်ရ ဒေသန္တရအမိန့် ထုတ်ပြန်ပြီးနောက် မေလ ၁၁ ရက်နေ့အထိ စည်းကမ်းဖောက်ဖျက်သူ စုစုပေါင်း ၈၂ ဦး ရှိ၍ စည်းကမ်းဖောက်ဖျက်သူ အများစုသည် လူငယ်များဖြစ်ပြီး ရမ်ပူရပ်ကွက်နှင့် လယ်ကုန်းရပ်ကွက်တို့တွင် ပိုမိုများပြားကြောင်းလည်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

# ညမထွက်ရ ဒေသန္တရအမိန့်ကို လိုက်နာမှုမရှိသူများကို အရေးယူဆောင်ရွက်ထား



မေ ၁၁

ညမထွက်ရ ဒေသန္တရ အမိန့်ကို လိုက်နာမှုမရှိသူ ၈၂ ဦးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ဖမ်းဆီးအရေးယူထားပြီဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းထံမှ သိရသည်။

အဆိုပါအမိန့်ကို ဧပြီလ ၁၇ ရက်က ကချင်ပြည်နယ် Covid-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး၊ လိုက်နာဆောင်ရွက်မှု မရှိသူများကို ဒဏ်ငွေအပြင် ထောင်ဒဏ်ကိုလည်း ချမှတ်ထားကြောင်း သိရသည်။

“ညမထွက်ရ ဒေသန္တရ အမိန့်ပေါ်မှာ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ကနေ ညစဉ်လှည့်ကင်းတွေ၊ ပတ်ကင်းတွေနဲ့ စစ်ဆေးတယ်။ စစ်ဆေးတဲ့ အပေါ်မှာ ဒီနေ့အထိဆိုရင် အယောက် ၈၂ ဦး ရှိသွားပြီ အရေးယူတာ”ဟု မြစ်ကြီးနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းက ပြောသည်။

ညမထွက်ရ အမိန့် ချမှတ်ထားသော်လည်း တချို့သောသူများက ညအချိန်မတော် အပြင်ထွက်နေကြသဖြင့် သက်ဆိုင်ရာပူးပေါင်းဖမ်းဆီးရေးအဖွဲ့က ဆက်လက်ဖမ်းဆီး အရေးယူမှုများရှိနေခြင်းဖြစ်ကြောင်း ဦးသန်းဝင်းက ဆိုသည်။

“နိုင်ငံ့ ဝန်ထမ်းတွေ တာဝန်အရ သွားလာတာကို ခွင့်ပြုပေးထားတယ်။ ကျန်တဲ့ အရောင်းအဝယ်မှန်သမျှက မနက် ၄ နာရီမှ ထွက်၊ ကြိုထွက်လို့တော့မရဘူး”ဟု ဦးသန်းဝင်းက ပြောသည်။

ပြည်သူများကို ည ၁၀ နာရီမှ မနက် ၄ နာရီအတွင်း နေအိမ်ပြင်ပသို့ သွားလာရေးကို ရှောင်ရှားကြရန်နှင့် ကန့်သတ်ချိန်အတွင်း ကျန်းမာရေးနှင့် ပတ်သက်ပြီး တစ်စုံတစ်ခုဖြစ်ပါက သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးထံ အကြောင်းကြားပြီး အုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကြောင်းကြားကာ ၎င်းတို့ထံမှ ထောက်ခံချက်ရရှိမှသာ သွားလာခွင့်ရရှိမည် ဖြစ်သည်။

အမိန့် ထုတ်ပြန်ပြီးနောက် ဧပြီလ ၂၀ ရက်နေ့ ညမှစပြီး မေလ ၁၁ ရက်အထိ ကန့်သတ်ချိန်အတွင်း သွားလာ၍ အရေးယူထားသူ စုစုပေါင်း ၈၂ ဦးရှိပြီး အများစုမှာ လူငယ်များ ဖြစ်ကြောင်းလည်း သိရသည်။ ■

မွန်းမွန်းပန်

# မြစ်ကြီးနားတက္ကသိုလ် ပြန်လည်ဖွင့်လှစ်မည့် ရက်ကို နှစ်ပတ်ကြိုတင်အကြောင်းကြားပေးမည်




ဧပြီ ၃၀

မြစ်ကြီးနားတက္ကသိုလ် ပြန်လည်ဖွင့်လှစ်မည့် ရက်ကို နှစ်ပတ်ကြိုတင်ပြီး တရားဝင် အကြောင်းကြားပေး သွားမည်ဖြစ်ကြောင်း မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်ဝင်းက ပြောသည်။

ကျောင်း ပြန်လည်ဖွင့်လှစ်မည့် ကိစ္စရပ်နှင့် ပတ်သက်ပြီး အဆင့်မြင့်ပညာဦးစီးဌာနက လက်ရှိအချိန်ထိ အတိအကျ ညွှန်ကြားချက် တစ်စုံတစ်ရာ မရှိသေးဘဲ အသေးစိတ်အချက်အလက်ကို မြို့နယ်အလိုက် သက်ဆိုင်ရာဌာနများ တစ်ဆင့် အကြောင်းကြားပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်ဝင်းက ဆိုသည်။

“အားလုံးက ကောလာဟလတွေ ပျံ့နေတယ်။ မေလ ၁၅ရက်ထိ နိုင်ငံတော်က လူစုလူဝေးမလုပ်ကြဖို့ ကြေညာချက် ထုတ်ထားတယ်လေ။ ကြိုကြေညာမှာပါ။ နှစ်ပတ်အနည်းဆုံး ကြိုကြေညာမှာပါ။ သက်ဆိုင်ရာဌာနတွေကို စာတွေ ပို့ရမယ်။ မဖွင့်ခင်တော့ တကယ် ကြေညာပေးမှာပါ”ဟု ဒေါက်တာ အောင်ဝင်းက အသိပေး ပြောကြားသည်။

ဖွင့်လှစ်နေကြဖြစ်သည့် ဇွန်လအတွင်း ကျောင်းပြန်လည်ဖွင့်လှစ်နိုင်မည့် ကိစ္စသည် တစ်နိုင်ငံလုံး၏ ကျန်းမာရေးအခြေအနေပေါ် မူတည်နေပြီး ခန့်မှန်းပြောဆိုရန်ခက်ခဲကြောင်း ဒေါက်တာအောင်ဝင်းက ပြောသည်။

“ပြောရမယ်ဆိုရင် ဒီရောဂါ ပြီးသွားရင်တော့ ပြန်ဖွင့်နိုင်မှာပေါ့။ ခြောက်လပိုင်းရယ်လို့ ပြောဖို့တော့ နည်းနည်း စောသေးတာပေါ့။ ကျန်းမာရေး အခြေအနေကြည့်ရမယ်။ နိုင်ငံတကာ အခြေအနေကြည့်ရမယ်။ ကြည့်ပြီးတော့ ဒီနိုင်ငံမှာလည်း ဖြစ်ပဲ့မလားပေါ့”ဟု ဒေါက်တာ အောင်ဝင်းက သုံးသပ်ပြောဆိုသည်။

ပထမနှစ်ဝက် စာမေးပွဲ ဖြေဆိုရန် ကျန်ရှိနေသေးသည့်နှစ်ဘာသာကိုကျောင်းဖွင့်ပြီး နောက်ပိုင်းတွင် စာလေ့လာချိန်ပေးပြီးပြန်လည်ဖြေဆိုခွင့် ပြုသွားမည်ဖြစ်ပြီး၊ တက္ကသိုလ်ပထမနှစ်ဝက် စာမေးပွဲ ဖြေဆိုနေချိန်အတွင်း မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားလာခြင်းကြောင့် ဖြေဆိုနေဆဲ စာမေးပွဲများကို ယာယီရပ်ဆိုင်း ထားလိုက်ရခြင်း ဖြစ်သည်။

လက်ရှိအချိန်တွင် အဝေးသင်တက္ကသိုလ် ကျောင်းအပ်နှံမှုကိုလည်း ယာယီရပ်ဆိုင်း ထားရကြောင်း ပါမောက္ခချုပ်ထံမှ သိရသည်။ ■

Ann

# နိုင်ငံတော်က အွန်လိုင်းပညာရေးစနစ်နဲ့ သင်ကြားဖို့ ပြင်ဆင်နေတဲ့အပေါ် မြစ်ကြီးနားမြို့က ကိုယ်ပိုင်ကျောင်း တည်ထောင်ထားသူတွေရဲ့ အမြင်သဘောထား

**Covid-19 ရောဂါ ကာကွယ်တားဆီးနိုင်ရေး အတွက် မေလ ၁၅ ရက်နေ့အထိ လူစုလူဝေး မပြုလုပ်ဖို့ အစိုးရက ထုတ်ပြန်ထားပြီး အခြေခံကျောင်းတွေ ဖွင့်၊ မဖွင့်မှာလည်း နိုင်ငံတော်က ချမှတ်မယ့် မူဝါဒအပေါ် မူတည်နေပါတယ်။**

**လာမယ့် ဇွန်လမှာ ကျောင်းတွေ ပြန်မဖွင့်နိုင်ခဲ့ဘူးဆိုရင် အွန်လိုင်းကနေ သင်ကြားပို့ချမှုတွေ လုပ်ဖို့ စီစဉ်နေတယ်လို့ နိုင်ငံတော် သမ္မတရုံးက ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မေလ ၁ရက်နေ့က ပြောဆိုခဲ့တာပါ။**

**အွန်လိုင်းစနစ်နဲ့ သင်ကြားပို့ချမယ့် အစီအစဉ်ဟာ ကချင်ပြည်နယ်မှာ နည်းပညာနဲ့ အလှမ်းဝေးသူတွေ ရှိနေသေးတဲ့အတွက် မလွယ်ကူနိုင်သေးဘူးလို့ ကိုယ်ပိုင်အထက်တန်းကျောင်း ဖွင့်လှစ်ထားသူတွေက သုံးသပ်ပြောဆိုထားတာကို မြစ်ကြီးနားသတင်းဂျာနယ် စာဖတ်ပရိသတ်ဆီ ပြန်လည်ဝေမျှပေးလိုက်ရပါတယ်။**

## ဦးစိုင်းမင်းထွန်း

**(မြတ်ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ)**

ကချင်ပြည်နယ်အနေနဲ့ ဆိုရင်တော့ ကျွန်တော်တို့ အခက်အခဲတွေတော့ အများကြီးရှိတယ်လို့ ပြောရမှာပေါ့။ မီးမရတဲ့ အရပ်ဒေသတွေ၊ ရွာတွေ အများကြီးရှိတယ်။ အင်တာနက်ဖိုး မတတ်နိုင်တဲ့ အရပ်ဒေသတွေ၊ လိုင်းမမိတဲ့ အရပ်ဒေသတွေ အများကြီးရှိတယ်။ ကျွန်တော်ထင်ပါတယ်။ အွန်လိုင်းသင်ကြားရေးစနစ်က အဓိကတော့ မြို့ကြီးပြကြီးမှာတော့ အဆင်ပြေကောင်း ပြေလိမ့်မယ်။ ကျွန်တော်တို့ နယ်တွေမှာရှိတဲ့ ကလေးတွေအတွက်တော့ အဆင်ပြေဖို့ ရာခိုင်နှုန်း နည်းတယ်။ သိပ်ပြီးတော့မှ ဖြစ်နိုင်ခြေမရှိဘူးပေါ့။ ဘာမှ မလုပ်ဘဲ ထိုင်နေမှာထက်စာရင်တော့ ရတဲ့သူရော၊ ရသွားမယ်ပေါ့။ အဲ့ဒီလို အတိုင်းအတာလေးတော့ ရှိတာပေါ့။ နိုင်ငံတော်အနေနဲ့ရော ဘယ်လိုဖြေရှင်းမယ်ဆိုတာ နည်းလမ်းရှာနေတဲ့ အချိန်မှာ ဒါကို နိုင်ငံတော် အကြီးအကဲတွေက လမ်းညွှန်တာဖြစ်မှာပါ။ ကျွန်တော့် အမြင်ပြောရရင် ဒါက လူတန်းစေ့ကိုတော့ မထိရောက်နိုင်ဘူး။

## ဦးဇေယျာ

**(ရာပြည့်ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ)**

ကျွန်တော့် တစ်ယောက်ထဲ အမြင်ဆိုရင် သိပ်ကြီးအရမ်းကြီး အကျိုးသက်ရောက်မှု ရှိနိုင်မယ်လို့တော့ မထင်ဘူး။ ဘာလို့လည်း ဆိုရင် အင်တာနက်သုံးမှုဟာ ပြည်နယ်ပေါင်းစုံ၊ မြို့နယ်ပေါင်းစုံဟာ အဆင်သင့် ဖြစ်နေမယ်လို့ ကျွန်တော် မထင်ဘူး။ ကောင်းတာကတော့ နိုင်ငံသားတိုင်း ဘယ်နေရာကနေမဆို ကြည့်နိုင်တဲ့ TV Channel တစ်ခုခုကနေ နေ့တိုင်း လွှင့်ပေးနေတာမျိုးတော့ ပိုကောင်းမယ်။ ကျောင်းဖွင့်ဖို့ကို လောနေတဲ့ မိဘတွေရှိတယ်၊ စိုးရိမ်နေတဲ့သူတွေလည်း ရှိတယ်။ ကျွန်တော့်အမြင်ဆိုရင် ကျောင်းဖွင့်ဖို့ကို အဲ့ဒီလောက်ထိ မလောသင့်ဘူးပေါ့။ ကျန်းမာရေးကြောင့်ဖြစ်တဲ့ အခြေအနေမှာ ကျွန်တော်တို့ဘဝမှာ ကျန်းမာရေးက ပထမပဲ။ ကျန်းမာရေးက ပထမဖြစ်တဲ့အတွက် ရောဂါတကယ့်ကို တည်ငြိမ်သွားတဲ့အခါ ဖွင့်သင့်တယ်လို့ မြင်တယ်။ တကယ်လို့များ ကျွန်တော်တို့က ပညာရေးကို အလောသုံးဆယ်နဲ့များ သွားဖွင့်ခဲ့ရင် နိုင်ငံတော်ကျောင်း သော်လည်းကောင်း၊ ပုဂ္ဂလိကကျောင်း သော်လည်းကောင်း၊ တကယ်လို့များ တစ်စုံတစ်ယောက်တလေ တွေ့ခဲ့တယ်ဆိုရင်၊ အဲ့ဒီကျောင်း တစ်ကျောင်းလုံး Quarnatine ဝင်ရမယ်။ အဲ့ဒီကျောင်းမှာ သင်တဲ့ ဆရာ/မတွေက တခြားကျောင်းတွေရော သင်ချင်သင်မှာ၊ ဘော်ဒါတွေ၊ ကျူရှင်တွေ ရှိမယ်။ သူတို့ရဲ့ နေရာပြန့်မှုဟာ အများကြီး ဖြစ်သွားနိုင်တယ်။

## ဦးကျော်အောင်

**(မြစ်ကြီးနားစတား(စ်) မိန်းကလေးသီးသန့်ကိုယ်ပိုင်အထက်တန်းကျောင်း)**

အခုက တော်တော်များများ ဖုန်းသုံးပြီဆိုပေမယ့် လူတိုင်း ဖုန်းရှိဖို့ဆိုတာက စမတ်ဖုန်းတွေနဲ့မှ အဆင်ပြေမှာကိုး။ Smart ဖုန်းတွေ လူတိုင်းသုံးဖို့ ဆိုတာရယ်၊ အွန်လိုင်းကနေ သင်ပြီဆိုရင် အင်တာနက်ဖြစ်ဖြစ်၊ Wifi ဖြစ်ဖြစ် တစ်ခုခု သုံးရမှာဆိုတော့ အင်တာနက် ဘေလ်ကုန်ကျစရိတ်တွေ ဘာတွေဆိုတော့ လောလောဆယ် ကချင်ပြည်နယ်အနေအထားနဲ့ဆိုရင်တော့ အွန်လိုင်းသင်ကြားမှုစနစ်က သိပ်ပြီး မလွယ်ကူသေးဘူးလို့ ယူဆတာပဲ။ ■

Benadeth

# မြစ်ဆုံနှင့် အောင်မြင်သာ အပန်းဖြေစခန်းများ ဝင်ထွက်သွားလာခွင့် ပိတ်ပင်ထား

မြစ်ကြီးနားမြို့နယ်ရှိ မြစ်ဆုံ အပန်းဖြေစခန်းနှင့် အောင်မြင်သာ အပန်းဖြေစခန်းများကို မေလ(၁)ရက်နေ့က စတင်ကာ ဝင်ထွက်သွားလာခွင့် ပိတ်လိုက်ကြောင်း အောင်မြင်သာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်ဂျာမှ သိရသည်။

အောင်မြင်သာအပန်းဖြေစခန်းသွားသည့် လမ်းများအပါအဝင်၊ အောင်မြင်သာကျေးရွာအတွင်း ဝင်သည့် လမ်း ၆ ခုလုံးအား ဝင်ထွက်ခွင့် ပိတ်ထားပြီး လမ်းတစ်လမ်းကိုသာ စိစစ်၍ ဖွင့်ထားသည်ဟု ဦးနော်ဂျာက ပြောသည်။

“ကျွန်တော်တို့ အောင်မြင်သာမှာ ရွာဝင်တဲ့လမ်း (၆) ခုကို အသေပိတ်လိုက်ပြီးတော့ တိုက်နယ်ဆေးရုံသွားတဲ့ လမ်းတစ်လမ်းကိုပဲ ဖွင့်ထားပြီး အဲဒီမှာ အရန်မီးသတ်နဲ့ ကျေးရွာက အမျိုးသမီးအဖွဲ့တွေရယ်၊ အုပ်ချုပ်ရေးအဖွဲ့ရယ် အလှည့်ကျနေ့တိုင်း လူဝင်လူထွက်ကို စိစစ်တာ။ အရေးကြီးကိစ္စရှိတဲ့လူတွေကိုပဲ ဝင်ခွင့်ပေးတာပေါ့။ ပြီးရင် မြစ်ဆုံကိုလည်း လုံးလုံးပိတ်လိုက်တယ်။ အဲ့ဒီမှာ ဈေးတွေလည်း မရောင်းခိုင်းတော့ဘူး။ လမ်းတွေလည်း ပိတ်လိုက်တယ်။ အဲဒီမှာလည်း ဂိတ် တစ်ခုထားပြီးနေ့တိုင်း ရွာသားတွေက စစ်ဆေးနေတယ်”ဟု ဦးနော်ဂျာက ပြောသည်။

သို့သော် အောင်မြင်သာ ကျေးရွာတွင်းတွင် နာရေးကိစ္စနှင့် အခြားအရေးပေါ် ကိစ္စရှိသူများကိုသာ ဝင်ထွက်သွားလာခွင့် ပြုထားပြီး ဝင်ရောက်သူများကိုလည်း သီးသန့်အဆောင်တွင် ဧည့်တွေ့ခြင်းများ ပြုလုပ်ပြီး စိစစ်နေကြောင်း သိရသည်။ ■

Ah je

# အခြားတိုင်းနှင့် ပြည်နယ်များမှ ပြန်လာမည့် ကချင်ပြည်နယ်သူ / သားများ Quarantine (၂၁)ရက် ဝင်ရမည်



ပြည်တော်ပြန်များကို ခေတ္တနားနေသည့် ကုန်တင်ကုန်ချစခန်းတွင်တွေ့ရစဉ်

မေလ ၇

အခြားတိုင်းနှင့် ပြည်နယ်များမှ ပြန်လာမည့် ကချင်ပြည်နယ်သူ/သားများအနေဖြင့် မိမိနေရပ်သို့ ပြန်လာမည်ဆိုပါက သက်ဆိုင်ရာ အစိုးရက သတ်မှတ်ထားသည့် နေရာများတွင် Quarantine(၂၁)ရက် ဝင်ရမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း အစရှိသည့် အခြားတိုင်းနှင့် ပြည်နယ်မှ ရက်ရှည် လာရောက်သည့် ဧည့်သည်များနှင့် ဒေသခံများအနေဖြင့် Quarnatine ဝင်ရောက်ရမည် ဖြစ်သည်။

Quaranine ဝင်ရောက်သူများတွင် နယ်ခံများအနေဖြင့် မိမိစားစရိတ်ကို မိမိတာဝန်ယူရမည်ဖြစ်ပြီး၊ အခြားတိုင်းနှင့် ပြည်နယ်မှ ဧည့်သည်များ၏ စားစရိတ်အား ပြည်နယ်အစိုးရမှ တစ်ရက်လျှင် ကျပ်(၃)ထောင်ခန့် ထောက်ပံ့ပေးလျက်ရှိနေကြောင်း ပြည်နယ်ညွှန်ကြားရေးမှူး ဦးဖော်ဖော်က ပြောသည်။

"လွယ်ဂျယ်၊ ကန်ပိုင်တီ၊ ရန်ကုန်၊ မန္တလေးကပဲ လာလာ ဒေသခံဖြစ်နေရင် သက်ဆိုင်ရာ ကျေးရွာတွေရဲ့ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတွေမှာ ထားပေးတယ်။ သူတို့ ဆွေမျိုးသားချင်းတွေက ကျွေးမွေးထားတယ်။ ဒေသခံမဟုတ်ရင်တော့ အမျိုး၊ ဆွေမျိုး မရှိတဲ့အတွက် တစ်နေ့သုံးထောင်နှုန်းနဲ့ ထောက်ပံ့ပေးတယ်" ဟု ဦးဖော်ဖော်ကက ပြောသည်။

သို့သော် အခြားတိုင်းနှင့်ပြည်နယ်မှ ကချင်ပြည်နယ်သို့ နာရေးကိစ္စအတွက်ဖြစ်စေ ရက်တိုလာရောက်မည့် ဧည့်သည်များ၊ ဒေသခံများကိုမူ Home Quarantine အနေဖြင့်သာ ထားရှိကြောင်း ဦးဖော်ဖော်က ပြောသည်။

"အခုက ရန်ကုန်၊ မန္တလေးက လာတဲ့သူတွေက အဓိကပေါ့။ Quarantine ဝင်ရမယ်။ တစ်ရက်နေပြီး တစ်ရက်ပြန်မယ့် သူတွေကိုတော့ မိဘအုပ်ထိန်းမှုအောက်မှာ သေချာစောင့်ကြည့်ပြီး နောက်တစ်ရက် လေယာဉ်နဲ့ ပြန်ပေါ့။ တစ်ပတ်လောက်နေမယ် ဆိုရင်တော့ နာရေးဖြစ်စေ၊ သာရေးဖြစ်စေ Quarantine ဝင်ရမယ်"ဟု ၎င်းက ဆိုသည်။

ထို့အပြင် ပြည်တွင်းခရီးသွားအနေဖြင့် ဖားကန့်၊ မိုးညှင်း စသည့် မြို့နယ်များမှ မြစ်ကြီးနားမြို့နယ်သို့ ဝင်ရောက်လာမည် ဆိုပါက Home Quarantine နေထိုင်ရမည်ဟုလည်း သိရသည်။

ကချင်ပြည်နယ်တွင် မေလ (၇)ရက်နေ့အထိ Quarantine ထားရှိခံရသူ စုစုပေါင်း ၆၂၇ ဦး ရှိနေကြောင်း သိရသည်။ ■

Benadeth

# အစိုးရ၏ Covid-19 ထောက်ပံ့ရေး အစီအစဉ်များတွင် မသန်စွမ်းသူများကိုလည်း ထည့်သွင်းစဉ်းစား ပေးစေလို



မေ ၁၀

အခြေခံလူတန်းစားများကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးသည့် အစီအစဉ်မှာ မသန်စွမ်းသူများကိုလည်း ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း ကချင်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများက တောင်းဆိုနေကြသည်။

ယခုအချိန်တွင် Covid-19 ရောဂါဖြစ်ပွားနေသည့် အခြေအနေကြောင့် အတတ်နိုင်ဆုံး နေအိမ်တွင်သာ နေကြရန် အစိုးရက ကြေညာထားသောကြောင့် မသန်စွမ်းသူများ အနေဖြင့် လမ်းမပေါ်ထွက်ကာ အလှူငွေတောင်းခံရန် အဆင်မပြေမှုများ ရှိနေကြကြောင်း သိရသည်။

ကချင်ပြည်နယ် ကိုယ်အင်္ဂါမသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဦးဂျိုဇုန်းဆောင်က "အခြေခံလူတန်းစားကို ရောဂါကာလမှာ ထောက်ပံ့တယ်ဆိုတာ ကြားသိရပါတယ်။ ကျွန်တော်တို့ မသန်စွမ်းတွေလည်း ဒီကာလမှာ အခက်အခဲတွေ ကြုံရပါတယ်။ မိသားစု တစ်ချို့တွေ အပြင်မထွက်ရတော့ ခက်ခဲလာတဲ့အခါ နိုင်ငံတော်အစိုးရအနေနဲ့ အခြေခံလူတန်းစားအဆင့် အနေနဲ့ ကျွန်တော်တို့ မသန်စွမ်းတွေကိုလည်း ထည့်ဝင်စဉ်းစားပြီး ထောက်ပံ့ဖို့ အသနားခံတင်ပြလိုပါတယ်"ဟု ပြောသည်။

Covid-19 မဖြစ်ခင် ကာလများတွင် ၎င်းတို့က ရပ်ကွက်ကျေးရွာများတွင် ရှိသော နေအိမ်များ၌ အလှူခံထွက်ကာ မိမိတို့မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းနိုင်ခဲ့ကြသော်လည်း ယခုအချိန်တွင် လူစုလူဝေးနေရာများသို့ သွားလာခြင်းနှင့် အခြားသူများနေအိမ်များသို့ သွားရောက်လည်ပတ်ခြင်းများကို မပြုလုပ်ရန် တားမြစ်ထားသဖြင့် အခက်အခဲဖြစ်နေကြောင်း မသန်စွမ်းသူများက ပြောသည်။

"ကျွန်တော်တို့လုပ်တတ်တာက အိမ်တွေမှာ အလှူခံထွက်တာပဲ။ အခုက အကူအညီတောင်းဖို့လည်း မဖြစ်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ မသန်စွမ်းတွေက ရှေ့ရေးအတွက် အရမ်းခက်ခဲနေတယ်"ဟု အမြင်အာရုံမသန်စွမ်း တစ်ဦးဖြစ်သည့် ဦးအားဆာက သူ၏ အခက်အခဲကို ရှင်းပြသည်။

မသန်စွမ်းများက လက်ရှိအချိန်များကို သည်းခံပြီး ကျော်လွှားမည် ဆိုပါကလည်း ရောဂါဖြစ်ပွားနေမှု အချိန်သည် မည်သည့်အချိန်အထိ ကြာရှည်ဦးမည် မသိ ဖြစ်နေသဖြင့် ၎င်းတို့၏ ဝမ်းစာရေးအတွက် အလှူရှင်များ လိုအပ်နေကြောင်းနှင့် အစိုးရ၏ အထောက်အပံ့ကိုလည်း တောင်းခံ အကူအညီ လိုအပ်နေကြောင်း ဦးအားဆာက ဆက်လက်ပြောသည်။

"ကျွန်တော်တို့က အခုလိုပဲ နေအိမ်တွေမှာသွားပြီး အလှူခံရတာပါ။ အခုက ရောဂါကြောင့် အစိုးရက 'မထွက်ရဘူး' ပြောတော့၊ မိသားစုများတယ် ဆိုတော့ မသွားရင် ဘာမှမစားနိုင်ဖြစ်လာတယ်။ ဈေးလည်း မရောင်းတတ်ဆိုတော့ ဘာမှ မလုပ်စားတတ်ဘူး။ မိသားစုအားလုံး ၈ ယောက် ရှိတယ်။ ကလေးတွေက ၁၀ တန်း ဖြေထားတာ တစ်ယောက်၊ ကျမ်းစာကျောင်း တက်နေတဲ့သူ တစ်ယောက် ရှိတယ်။ အဖွားအိုနဲ့ အဖိုးအို နှစ်ယောက်လည်း ရှိတယ်။ ဘယ်အဖွဲ့၊ ဘယ်အစိုးရမှ ကူညီတာမရှိဘူး။ ကိုယ့်မိသားစု စားဝတ်နေရေးကို ကိုယ်တိုင်ပဲ ဖြေရှင်းနေရတယ်"ဟု အမြင်အာရုံမသန်စွမ်းသူ ဦးတူးရှန်က ပြောသည်။

ယခင်က မသန်စွမ်းတစ်ဦးလျှင် နိုင်ငံတော်အစိုးရမှ တစ်လလျှင် ကျပ်ငွေသုံးသောင်း ထောက်ပံ့ပေးသော်လည်း ၂၀၁၉ ခုနှစ်၏ ထောက်ပံ့ငွေကို ကချင်ပြည်နယ်ရှိ မသန်စွမ်းသူများက မရရှိသေးကြောင်း၊ နိုင်ငံတော်အစိုးရက မသန်စွမ်းသူများကိုလည်း အခြေခံလူတန်းစား၊ အောက်ခြေလူတန်းစားများအဖြစ် သတ်မှတ်ပြီး ရောဂါကာလကို ကျော်လွှန်နိုင်ဖို့ကူညီပေးကြရန် မသန်စွမ်းများ အားလုံး ကိုယ်စား ကချင်ပြည်နယ် ကိုယ်အင်္ဂါ မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဦးဂျိုဇုန်းဆောင်က ပြောသည်။ ■

မွန်းမွန်းပန်၊ Ann

# ဝါရာဇွပ်ဒေသခံများ တင်ပြလျှောက်ထားသည့် မြေကေသုံးသောင်းကျော်ကို စားကျက်မြေအဖြစ် သတ်မှတ်မပေးနိုင်ကြောင်း အုပ်ချုပ်ရေးရုံးမှ အကြောင်းပြန်



မေ ၁၂

ဖားကန့်မြို့နယ် ဝါရာဇွပ် ကျေးရွာ၏ မြေဧရိယာ သုံးသောင်းခွဲကျော် (၃၅၅၈၁ ဒသမ ၃) ဧကကို ကျွဲ၊ နွား၊ တိရစ္ဆာန်စားကျက်မြေ အဖြစ် တရားဝင် သတ်မှတ်ပေးရန် ဝါရာဇွပ် ကျေးရွာသူ/သားများကိုယ်စား ဦးလဂေါင်တန်ဂွန်း တင်ပြလျှောက်ထားမှုနှင့် ပတ်သက်ပြီး မေလ (၇) ရက်နေ့တွင် မသတ်မှတ်ပေးနိုင်ကြောင်း ကားမိုင်းမြို့အုပ်ချုပ်ရေးမှူးရုံးက အကြောင်းပြန်ခဲ့သည်။

ဝါရာဇွပ် ဒေသခံများ လျှောက်ထားတဲ့ စားကျက်မြေနေရာအတိုင်း မသတ်မှတ်နိုင်ကြောင်းနှင့် ပတ်သက်ပြီး "အဲဒီနေရာက (WCS) ဟူးကောင်းဘေးမဲ့တော မြေဧရိယာဖြစ်တယ်။ ယုဇနကုမ္ပဏီတွေ ပြန်လည်ပြင်ဆင်တဲ့ ဥပဒေကို လျှောက်ထားပြီး အခွန်ဆောင်ထားတဲ့နေရာ ဖြစ်တယ်။ လွတ်တဲ့နေရာမှာစားကျက်မြေနေရာ လျှောက်ပါ" ဟု အုပ်ချုပ်ရေးရုံးမှ ပြောခဲ့ကြောင်း ဝါရာဇွပ်ကျေးရွာဒေသခံ ဦးလဂေါင်တန်ဂွန်းက မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြန်လည်ပြောပြသည်။

ဆက်လက်ပြီး "လွတ်တဲ့နေရာမှာ စားကျက်မြေနေရာ ပြန်လည်လျှောက်ယူပါဆိုတာလည်း ဒီ ဟူးကောင်းချိုင့်ဝှမ်း တစ်ခုလုံး လွတ်တဲ့နေရာ တစ်ခုမှမရှိဘူး။ ဘိုးဘေးစဉ်ဆက် ဒီနေရာမှာ စားကျက်မြေနေရာ အဖြစ်နေထိုင်လာတဲ့အတွက် နေရာသတ်မှတ်ပေးပေး မပေးပေး ကျွဲ၊ နွားတွေကို ကျောင်းရမှာပဲ ဖြစ်တယ်။ ကျောင်းလည်း ကျောင်းရမှာ ဖြစ်တယ်"ဟု အုပ်ချုပ်ရေးမှူးကို ဦးလဂေါင်တန်ဂွန်းမှ ချေပပြောဆိုခဲ့သည်။

ထိုနေ့တွင် ယုဇနကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးနှင့် ဝါရာဇွပ်ကျေးရွာမှ ဦးလဂေါင်တန်ဂွန်းနှင့် တောင်သူ (၃) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လီဒိုလမ်းမ ဟူးကောင်းချိုင့်ဝှမ်းဒေသ ဝါရာဇွပ်ကျေးရွာ စားကျက်မြေနှင့်ပတ်သက်ပြီး ကျွဲ၊ နွား၊ တိရစ္ဆာန်စားကျက်မြေ တရားဝင်သတ်မှတ်ပေးရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၃)ရက်နေ့က ဒေသခံများက လျှောက်ထားခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားစာတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင်၊ ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာတွင် မှီတင်းနေထိုင်နေသော ဒေခံပြည်သူများသည် လယ်ယာမြေစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းဖြင့် အဓိကပင်မ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ဌာနေတိုင်းရင်းသားတောင်သူလယ်သမားများ ဖြစ်ကြပါသည်ဟု ပါရှိသည်။

၂၀၀၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဟူးကောင်းချိုင့်ဝှမ်းကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် Wildlife Conservation Society (WCS) မှ မြေဧကစုစုပေါင်း (၄,၂၉၃,၉၉၂.၉၆)ဧကအဖြစ် သတ်မှတ်ထားခြင်း၊ ၎င်းအပြင် ၂၀၀၆ ခုနှစ်တွင် ယုဇနကုမ္ပဏီမှ မြေဧက စုစုပေါင်း (၂၇၈,၇၈၈) ဧကများကို ဥပဒေနှင့်ဆန့်ကျင်ပြီး အတင်းအဓမ္မမြေသိမ်းဆည်းမှုကြောင့် ရွာသားများ၏ မရှိမဖြစ်လိုအပ်သော လယ်ယာမြေ ဥယျာဉ်ခြံမြေများ ကျွဲ၊ နွား၊ တိရစ္ဆာန်စားကျက်မြေများကို လက်လွတ်ဆုံးရှုံးခဲ့ရသည်။ အဆိုပါ သိမ်းဆည်းခံ ကျွဲ၊ နွား၊ တိရစ္ဆာန် စားကျက်မြေများသည် ဒေသခံများ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းအသုံးပြုခဲ့သောမြေများ ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

သို့ဖြစ်၍ ယနေ့အချိန်တွင် ဒေသခံတောင်သူများသည် ကျွဲ၊ နွား၊ တိရစ္ဆာန် မွေးမြူထိန်းကျောင်းရန် စားကျက်မြေ ဆုံးရှုံးခဲ့ရခြင်းကြောင့် အသက်မွေးဝမ်းကျောင်း အခက်အခဲ ပြဿနာပေါင်းများစွာ ကြုံတွေ့နေရသည်ဟု ဆိုသည်။

ထိုကဲ့သို့ ကျွဲ၊ နွား၊ တိရစ္ဆာန် စားကျက်မြေ မရှိသည့်အတွက် ကျွဲ၊ နွား တိရစ္ဆာန်များ တစ်နှစ်ထက်တစ်နှစ် လျော့နည်းဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ယုဇနကုမ္ပဏီစိုက်ခင်းမှ ဓါတ်မြေဩဇာများ ပိုးသတ်ဆေးများ ပေါင်းသတ်ဆေးများ စသည့် ဓါတုဆေးများ အသုံးပြုသောကြောင့် ခက်ခဲမှုတွေ ကြုံတွေ့ရကြောင်းလည်း လျှောက်ထားစာတွင် ထည့်သွင်းဖော်ပြထားသည်။

ဤသို့သတ်မှတ်ပေးခြင်း မရှိသောကြောင့် ဝါရာဇွပ်ဒေသခံတောင်သူများနှင့် ယုဇနကုမ္ပဏီက နေ့စဉ်မြေယာပြဿနာများ ဆက်လက် ရင်ဆိုင်နေရမည်ဖြစ်ကြောင်းဒေသခံများကပြောသည်။ ■

အက်စတာ

# မြစ်ကြီးနားတွင် Quarantine ဝင်နေသူများကို ဖျော်ဖြေသည့်အစီအစဉ် ရပ်နား



မေလ ၁၀

ကချင်အနုပညာရှင်များ အသင်းချုပ်မှ ဖွဲ့စည်းထားသည့် Covid-19 Corona ပရဟိတလူမှုကူညီရေး အသင်းအနေဖြင့် မြစ်ကြီးနားတွင် Quarantine ဝင်ရောက်နေသူများကို ဖျော်ဖြေပေးသည့် အစီအစဉ် ရပ်နားလိုက်ပြီ ဖြစ်ကြောင်းသိရသည်။

ကချင်အနုပညာရှင်များ ပါဝင်သည့်အဆိုပါ ပရဟိတအသင်းသည် Quarantine ဝင်ရောက်နေသူများ၏ အဆောင်ရှေ့တွင် ဧပြီလ ၂၃ ရက်နေ့မှ စတင်ပြီး သုံးရက်တစ်ကြိမ် ဖျော်ဖြေခဲ့ရာမှ မေလ ၆ ရက်နေ့တွင် ဖျော်ဖြေရေးအစီအစဉ်များကို ရပ်နားလိုက်ခြင်း ဖြစ်သည်။

ဖျော်ဖြေရေး ရပ်နားလိုက်ရသည့် ကိစ္စနဲ့ပတ်သက်ပြီး ကချင်အဆိုတော် အဘားဒီးက ယခုကဲ့သို့ ရှင်းပြပြောဆိုသည်။

"နှစ်ညက ရဲတွေလာလာအော်တယ်။ ဒုတိယညဆို ဘယ်နှပွင့်လဲ မသိဘူး။ လာအော်ပြီးတော့ ပြန်ပြန်သွားတယ်။ ညှိနှိုင်းဆွေးနွေးတာလည်း မရှိဘူး။ တတိယကျတော့ ဆိုင်ကယ်နဲ့ ရဲ သုံးယောက်လာပြီး ပြဿနာရှာချင်တဲ့ ပုံစံမျိုး။ နောက်မှ ဝန်ကြီးတွေရှိတော့ ဘာမှ မပြောတော့ဘူး။ မရှိရင်တော့ ပြဿနာဖြစ်လာမယ့် ပုံစံ ဖြစ်လာတယ်"ဟု အဆိုတော် အဘားဒီးက ပြောသည်။

အဆိုပါ အစီအစဉ်ကို မစတင်မီက သက်ဆိုင်ရာ လူကြီးများနှင့် သွားရောက်တွေ့ဆုံမှုမျိုး ရှိခဲ့ပြီး ဖျော်ဖြေနေချိန် လာရောက် ပြောဆိုတားဆီးမှုနှင့် ပတ်သက်ပြီး လေးစားမှုနဲ့ ညှိနှိုင်းလုပ်ဆောင်ခြင်းမျိုး ပြုလုပ်စေချင်ကြောင်းလည်း ၎င်းက ပြောသည်။

"စည်ပင် ဝန်ကြီးတွေလည်း ကျွန်တော်တို့ကို အားပေးတယ်။ ကျန်းမာရေးဌာနဖက်ကလည်း လုပ်ပေးပါဆိုပြီး တောင်းဆိုကြတယ်။ ဒါပေမဲ့ ကြားထဲမှာ ဘယ်လိုဖြစ်သွားလဲမသိဘူး။ သက်သက်မဲ့ ပြဿနာလာရှာသလို ဖြစ်နေတယ် အခုက" ဟု ၎င်းက ထပ်မံပြောဆိုသည်။

သို့သော် ဖျော်ဖြေရေးအစီအစဉ်ကို Quarantine ဝင်ရောက်နေသူများနှင့် ကျန်းမာရေးအဖွဲ့များက ပြန်လည် တောင်းဆိုလာမည်ဆိုပါက ဖျော်ဖြေရေးအစီအစဉ်ကို ဆက်လက် ပြုလုပ်သွားမည်ဟုလည်း သိရသည်။ ■

Benadeth

# မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် ပြုပြင်ဆောင်ရွက်နေသည့် လမ်းမကြီး

## လာမည့် အောက်တိုဘာလတွင် ပြီးစီးမည်



မေ ၁၂

မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်တွင် ပြုပြင်နေသည့် မြစ်ကြီးနား- ဆွမ်ပရာဘွမ်လမ်းမကြီး လမ်းခင်းသည့်လုပ်ငန်းကို လာမည့် အောက်တိုဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း ကချင်ပြည်နယ် လမ်းတံတားဦးစီးအရာရှိ ဦးဝင်းမြင့်ဦးထံမှ သိရသည်။

ဆွမ်ပရာဘွမ်လမ်းမကြီး လမ်းခင်းသည့်လုပ်ငန်းကို ပါဝါဖိုက်စတားကုမ္ပဏီနှင့် မန်းပြည်တံခွန်ကုမ္ပဏီ တို့မှ လုပ်ဆောင်နေခြင်းဖြစ်ပြီး လုပ်ငန်းစာချုပ်ကာလက အောက်တိုဘာလအထိ ဖြစ်သော်လည်း ခန့်မှန်းခြေအရ ဩဂုတ်လလောက်မှာ ပြီးစီးနိုင်မည်ဟု ခန့်မှန်းကြောင်း တပ်ကုန်း အုပ်ချုပ်ရေးမှူး ဦးဘောက်နော်က ပြောသည်။

"လုပ်ငန်းစာချုပ်ကာလက (၁၀)လပိုင်းအထိ ဟုတ်တယ်။ သူတို့(၁၀)ပိုင်းမှာပြီးမယ်ဆိုပြီး စာချုပ်ချုပ်ထားပေမယ့် သိရသလောက်တော့ သူတို့ (၇)လပိုင်း (၈) လပိုင်းမှာ အပြီးလုပ်လိမ့်မယ်။ ခုတောင်မှ တော်တော်လေးကို လုပ်နေပါတယ်။ အဲ့ဒါ ကျွန်တော် သိသလောက်ပေါ့နော်"ဟု ၎င်းက ပြောသည်။

covid-19 ရောဂါကြောင့် ဈေးဝယ်သူများ နည်းပါးနေသည့်အချိန် ယခုကဲ့သို့ မြစ်ကြီးနား- ဆွမ်ပရာဘွမ် လမ်းခင်းနေခြင်းကလည်း လမ်းဘေး ဆိုင်ခန်းများအနေဖြင့် အရောင်းအဝယ် နည်းနေတာကြောင့် လမ်းခင်းခြင်းကို အမြန် ပြီးစီးစေချင်ကြောင်း ဈေးသည်များက ပြောသည်။

မြစ်ကြီးနား- ဆွမ်ပရာဘွမ် လမ်းမကြီးပေါ်ရှိ တပ်ကုန်းရပ်ကွက်တွင် အထည်ဆိုင်ဖွင့်လှစ်ထားသည့် ဂျူးအထည်ဆိုင်ပိုင်ရှင် ဒေါ်ဇုန်းညွယ်က ယခုကဲ့သို့ မြစ်ကြီးနားသတင်းဂျာနယ်သို့ ပြောသည်။

"အခုချိန်မှာ ရောဂါဖြစ်နေတာတွေ များတယ် ပေါ့နော်။ ဆိုင်ပိတ်ထားတဲ့ဟာတွေရော ပိတ်ထားတယ်။ လူတွေက အပြင်မထွက်တာရောပါတယ်။ လမ်းက အဝင်အထွက် ခက်တာလည်း ပါတာပေါ့နော်။ အဘွားတို့မှာ ကိုယ့်အိမ်မို့လို့သာ ဆိုင်ဖွင့်ထားတယ်။ ဈေးဦးမပေါက်တဲ့နေ့တွေချည်းပဲ"ဟု ၎င်းက ပြောသည်။

ထို့အပြင် တံဆိပ်ရိုက်နှင့် ဆိုင်းဘုတ်လုပ်ငန်း လုပ်ကိုင်နေသည့် ကိုဇော်ဒွဲလည်း "အားလုံးလည်း သိကြမှာပဲ။ covid-19 ကြားထဲ၊ အခက်တွေ့နေတဲ့ ကြားထဲ၊ လမ်းလာလုပ်တဲ့အခါ ပိုပြီးနှစ်ခါအခက်တွေ့သွားသလို ဖြစ်သွားတာ။ covid-19 က ဖြစ်နေလည်း လူက သူ့ဘာသာလာရင်လာမယ်။ အခုက မြောင်းတွေဖောက်၊ ဖုံတွေထဆိုတော့ ဆိုင်ခန်းသန့်ရှင်းရေးကအစ အခက်တွေ့တယ်။ လူလည်း မလာသလောက်ရှိသွားပြီ"ဟု ၎င်းက ပြောသည်။

တပ်ကုန်းရပ်ကွက် ဆွမ်ပရာဘွမ်းလမ်းမဘေးရှိ ဈေးဆိုင်များ အရောင်းပါးနေသည့် ကိစ္စနှင့်ပတ်သက်ပြီး "လမ်းခင်းတာကြောင့်က ရာခိုင်နှုန်းနည်းပြီး အဓိကက covid-19 ကြောင့်"ဟု တပ်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးဘောက်နော်က သူ့ရဲ့အမြင်ကို ပြောပါသည်။

"ဒီနှစ်ကတော့ လမ်းလုပ်လုပ် မလုပ်လုပ် အရောင်းအဝယ်တော့ ကျမှာပဲ။ လမ်းကြောင့်တော့ပါလိမ့်မယ်။ ဒါပေမဲ့ အဲ့ဒါက အဓိက မဟုတ်ဘူး။ ကျွန်တော်ထင်တယ် ၁၀ ရာခိုင်နှုန်းပဲ ထင်တယ်။ အဓိက covid ကြောင့်ပါ"ဟု ဦးဘောက်နော်က ရှင်းပြပြောဆိုသည်။



တပ်ကုန်း အုပ်ချုပ်ရေးမှူးအနေဖြင့် လမ်းခင်းသည့်လုပ်ငန်းကို ကိုယ်တိုင်သွားရောက် စစ်ဆေးကြည့်ရှုမှုများကို ပြုလုပ်နေကြောင်းနှင့် လမ်းခင်းသည့်အတွက် ရပ်ကွက်အတွင်း သွားလာမှုအဆင်မပြေခြင်းများ အတွက် သည်းခံပေးစေလိုကြောင်းလည်း ဦးဘောက်နော်က ပြောသည်။

"ကျွန်တော်ကတော့ ကျွန်တော့ ရပ်ကွက်လမ်းပိုင်းဖြစ်တဲ့အတွက် အရည်အသွေးကို လိုက်ကြည့်ပေးတယ်။ ဒီနေရာမှာမြောင်းက နည်းနည်းတိမ်နေတယ်၊ ဒီမှာကတော့ ကျဉ်းနေတယ်၊ ဒီမှာကတော့ ဒီလိုတည့်ရမယ်၊ ဒါမျိုးတွေ လိုက်ထိန်းတယ်။ တချို့ကတော့ ဘောင်တွေ တံတားလမ်းတွေ မခုန်အောင် ထူထူဖြစ်အောင်ပေါ့။ သူတို့နဲ့ ကျွန်တော် ချိတ်ဆက်ပြီးမှ ဒါတွေလုပ်ဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း စေတနာထားပြီးလုပ်နေတာဖြစ်တယ် ဆိုးကျိုးလေးတွေ ဖုန်ထတာတို့ ဘာတို့ အဆင်မပြေတာကို သိပ်သည်းခံပေးကြပါ"ဟု ဦးဘောက်နော်က ပြောသည်။

အဆိုပါ မြစ်ကြီးနား- ဆွမ်ပရာဘွမ် လမ်းခင်းခြင်းကို ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၂၀ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ■

မျိုးမြတ်မြတ်ပန်

**ဟုတ်တယ် Vs မဟုတ်ဘူး**
7 May at 19:18

Fact Check|ပညာရေးဝန်ကြီးဌာနရဲ့ဖေ့ဘွတ်ခ်စာမျက်နှာအယောင်ဆောင်ပြီး ဖြန့်နေတဲ့ သတင်းအမှား

---

ဒီတစ်ခါမှာတော့ ဖေ့ဘွတ်ခ်ပေါ်မှာပျံ့နှံ့နေတဲ့ သတင်းအမှားအကြောင်းအရာတစ်ခု အကြောင်းကို ဟုတ်တယ် Vs မဟုတ်ဘူးကပြောပြပေးချင်ပါတယ်။အဲ့ဒီပျံ့နှံ့နေတဲ့သတင်းအမှားအကြောင်းအရာကတော့ ပညာရေးဝန်ကြီးဌာနရဲ့ ဖေ့ဘွတ်ခ်စာမျက်နှာ အယောင်ဆောင်ပြီးတော့ Ministry of Education News Myanmarဆိုတဲ့ဖေ့ဘွတ်ခ် ပေ့ချ်ကနေစာမေးပွဲပြန်လည်ဖြေဆိုမယ့်ရက်နဲ့တက္ကသိုလ်ပြန်ဖွင့်မယ့်ရက်ကိုနိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ပညာရေးဝန်ကြီးဌာနတို့ တိုင်ပင်နေတဲ့အတွက် ကြောင့် မေ ၁၅ရက် နောက်ပိုင်းမှာ သတင်းထုတ်ပြန်မယ်ဆိုပြီး ရေးထားပါတယ်။




REALORNOTMM.INFO
**Fact Check|ပညာရေးဝန်ကြီးဌာနရဲ့ဖေ့ဘွတ်ခ်စာမျက်နှာအယောင်ဆောင်ပြီး ဖြန့်နေတဲ့သတင်းအမှား**

293 · 6 comments 264 shares

**ဟုတ်တယ် Vs မဟုတ်ဘူး**
5 May at 15:03

ရောဂါပိုးမွှားပညာရှင် ဒေါက်တာ ရှီကျန်းလီကို ကိုရိုနာဗိုင်းရပ်စ်ကို ဖန်တီးထုတ်လုပ်ခဲ့လို့ သေဒဏ်ပေးတော့မယ်ဆိုတဲ့သတင်းအမှား တစ်ပုဒ်ဖေ့ဘွတ်ခ်ပေါ်မှာ ပျံ့နှံ့နေပါတယ်။ ဒါကြောင့် ဒီသတင်းဟာ သတင်းအမှားဖြစ်ကြောင်းနဲ့ ဒီသတင်းအမှား ပျံ့နှံ့လာတဲ့ အကြောင်းကို ဟုတ်တယ် vs မဟုတ်ဘူးက အချက်အလက်စစ်ဆေးသူတွေက ပြောပြပါ မယ်။

ဆက်လက်ဖတ်ရှုရန်
>>>>>>>>>>>>>>

#FactCheck
#Covid19
#Coronavirus
#ShiZhengli




REALORNOTMM.INFO
**Fact Check| ရောဂါ ပိုးမွှားပညာရှင် ဒေါက်တာ ရှီကျန်းလီကို ကိုရိုနာဗိုင်းရပ်စ် ဖန်တီးလို့ သေဒဏ်ပေ**

**ဟုတ်တယ် Vs မဟုတ်ဘူး**
27 April at 16:08

Fact Check| စားနပ်ရိက္ခာဖူလုံရေးအတွက် အလုပ်သမားခေါ်ယူခြင်းဆိုပြီး ဘီလ်ဂိတ်ရဲ့ ပုံတွေကိုအသုံးပြုပြီး ဖေ့ဘွတ်ခ်အသုံးပြုသူတွေကို လှည့်ဖြားထားတဲ့ သတင်းအမှား

---

ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းအမှားတွေက လူမှုမီဒီယာပေါ်မှာနေ့စဉ်နဲ့အမျှအများ အပြားရှိနေပါတယ်။ ဒီတစ်ခါမှာလည်း သူဌေးကြီးဘီလ်ဂိတ်ရဲ့ ပုံတွေကိုအသုံးပြုပြီးတော့ စားနပ်ရိက္ခာဖူလုံရေးအတွက် အလုပ်သမားခေါ်ယူခြင်းဆိုတဲ့ သတင်းအမှားတစ်ခုကို ဟုတ်တယ် Vs မဟုတ်ဘူးက စစ်ဆေးတွေ့ရှိထားပါတယ်။




REALORNOTMM.INFO
**Fact Check| စားနပ်ရိက္ခာဖူလုံရေးအတွက် အလုပ်သမားခေါ်ယူခြင်းဆိုပြီး ဘီလ်ဂိတ်ရဲ့ ပုံတွေကိုအသုံးပ**

976 · 41 comments 203 shares

**ဟုတ်တယ် Vs မဟုတ်ဘူး**
May 9 at 12:03 PM

Fact Check| Forbes ကထုတ်ပြန်တယ်ဆိုတဲ့ ၂၀၂၀ အတွက် မြန်မာ့ အချမ်းသာဆုံး ပုဂ္ဂိုလ် ၁၀ ဦးစာရင်း ဆိုတာ သတင်းအမှားဖြစ်ပါတယ်

---

အင်္ဂလိပ်ဘာသာနဲ့ရေးသားထားတဲ့ africatrendy.com ဆိုတဲ့ဝဘ်ဆိုက်ဒ် က တင်ထားတာဖြစ်ပြီးတော့ သမ္မတဟောင်းဦးသိန်းစိန်က မြန်မာနိုင်ငံရဲ့အချမ်းသာဆုံးနံပါတ် (၁) နေရာမှာရှိနေတဲ့အတွက် ဖေ့ဘွတ်ခ်အသုံးပြုသူတွေက ပြန်လည်ဝေမျှခဲ့ကြတာပါ။ ဒါကြောင့် ဟုတ်တယ် Vs မဟုတ်ဘူးက အချက်အလက်စစ်ဆေးကြည့်တဲ့အခါမှာတော့ သတင်းအမှားဖြစ်တယ်ဆိုတာ စိစစ်တွေ့ရှိတဲ့အတွက် အားလုံးသိအောင် ပြောပြရခြင်းဖြစ်ပါတယ်။

#Fact_Checking
#Myanmar




REALORNOTMM.INFO
**Fact Check| Forbes ကထုတ်ပြန်တယ်ဆိုတဲ့ ၂၀၂၀ အတွက် မြန်မာ့ အချမ်းသာဆုံးပုဂ္ဂိုလ် ၁၀ ဦးစာရင်း ဆိုတာ သတင**

1K · 195 Comments 234 Shares

**ဟုတ်တယ် Vs မဟုတ်ဘူး**
2 May at 13:21

Fact Check| Madagascar (မက်ဒါဂက်စကာ) နိုင်ငံကကိုရိုနာဗိုင်းရပ်စ်ပျောက်ဆေး တီထွင် ဖြန့်ဖြူးရောင်းချတော့မယ် ဆိုတဲ့ သတင်းအမှား

---

အာဖရိကတိုက်ရဲ့ အရှေ့ပိုင်းက မာဒါဂက်စကာဆိုတဲ့ ကျွန်းနိုင်ငံငယ်လေးဟာ ကိုရိုနာဗိုင်းရပ်စ်ကုသဆေးကို တီထွင်ပြီး တစ်ကမ္ဘာလုံးကို ဖြန့်ချိတော့မယ်ဆိုတဲ့ သတင်းအမှားတစ်ခုကို ဟုတ်တယ်Vsမဟုတ်ဘူးက အချက်အလက်စစ်ဆေးထားတဲ့အကြောင်းပြောပြပါမယ်။

#Fact_Checking
#Covid_19
#Myanmar
#Disinformation
#madagascar_coronavirus_vaccine_False



# COVID-19 နှင့် စေတနာ့ဝန်ထမ်းလူငယ်များ

အင်္ကျီတာ ရေးသားသည်



မနက်(၅)နာရီကို ရောက်တာနဲ့ မနေ့ကွင်းမှာ ယာယီနေထိုင်ကြတဲ့ စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့တွေဟာ တစ်နေ့တာလုပ်ရှားမှုတွေကို လုပ်ဆောင်ဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ဒီလူငယ်တွေဟာ မြစ်ကြီးနားမြို့နယ်က ဖြစ်ပြီး ကိုရိုနာဗိုင်းရပ် ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းလုပ်ငန်းတွေမှာ ပါဝင်နေကြတာပါ။

တချို့သောလူငယ်တွေက စီတာပူ ကုန်တင်ကုန်ချစခန်းကို သွားဖို့အဆင်သင့်ဖြစ်နေသလို တစ်ချို့ကလည်း covid 19 တိုက်ဖျက်ရေးအတွက် ဒေသအာဏာပိုင်တွေ စီစဉ်ပေးထားတဲ့ Quarantine စင်တာတွေဆီကို သွားရောက်ကူညီဖို့ အဆင်သင့်ဖြစ်နေပါပြီ။

"covid 19 ရောဂါဟာ လူကနေ တစ်ဆင့်ပြီးတစ်ဆင့် ကူးစက်နေတာဖြစ်တယ်။ ကမ္ဘာလုံးအတိုင်းအတာမှာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လည်း ကျွန်တော်ရဲ့အစွမ်းတတ်နိုင်သမျှ ကာကွယ်တယ် ဒီပြည်နယ်ဟာ ကျွန်တော်မွေးလာတဲ့နေရာ ဖြစ်တဲ့အတွက်ကြောင့်၊ ကာကွယ်ချင်တဲ့စိတ်ကြောင့် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ပါဝင်တာဖြစ်တယ်" စေတနာ့ဝန်ထမ်းတစ်ဦးဖြစ်တဲ့ ကိုဒန်ခွမ်က ပြောပြတာပါ။

ဒီစေတနာ့ဝန်ထမ်း လူငယ်တွေက ကချင်ပြည်နယ်ကို covid 19 ကာကွယ်ရေးကွန်ယက်မှာ ပါတဲ့ စေတနာ့ဝန်ထမ်းများဖြစ်ပါတယ်။ ကွန်ရက်မှာ ကချင်လူငယ်အဖွဲ့ (၁၄)ဖွဲ့ ပါရှိပြီး ပြည်နယ်အတွင်း အစိုးရလက်လှမ်းမမီတဲ့ အပိုင်းတွေမှာ အတတ်နိုင်ဆုံးကူညီမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖွဲ့ထားတာလည်း ဖြစ်ပါတယ်။ အခုလက်ရှိအချိန်မှာတော့ ဗန်းမော်၊ ပူတာအိုနဲ့ မြစ်ကြီးနားခရိုင်တွေမှာ ကူညီမှုတွေပြုလုပ်ပေးနေတာပါ။

ကွန်ရက်တာဝန်ခံ ကိုစောမ်နောက "စလုပ်တော့ အခက်အခဲက အများကြီးပါ။ဘာရန်ပုံငွေမှလည်း မရှိဘူး။ ကိုယ်ထူကိုယ်ထနဲ့ စတင်လာတယ်။ တချို့စေတနာရှင်တွေက ကျွန်တော်တို့ လှုပ်ရှားမှုတွေ သိလာတော့ အလှူငွေတွေ လှူဒါန်းကြတယ်။ အစားအသောက်တွေ၊ ဆေးပုံးလေးတွေ၊ အဝတ်အစားတွေ၊ Hand Gel တွေ Maskတွေ၊ ပိုးသတ်ဆေးတွေ သူတို့ တတ်နိုင်တဲ့ဖက်က ပါဝင်ကူညီတဲ့ အခါကျတော့ ကျွန်တော်တို့ အဲ့ဒါလေးတွေ စုဆောင်းပြီး လုပ်ခဲ့ရတဲ့ အခက်အခဲလေးတော့ ရှိပါတယ်။

"အဖွဲ့ထဲပါဝင်တဲ့ လူငယ်တချို့ဟာ မိဘတွေကရောဂါကူးစက်လာခဲ့ရင် ကုစရာ ငွေကြေးမရှိတဲ့အတွက် ပါဝင်နေတာကို တားမြစ်ထားတဲ့အထဲက ဝင်ရောက်လုပ်ကိုင်နေသူတွေလည်းရှိနေပါတယ်။ တရုတ်နိုင်ငံက နယ်စပ်ကိုဖြတ်ပြီး ကချင်ပြည်နယ်ကို ပြန်လာကြတဲ့သူတွေဟာ ကွန်ရက်ရဲ့ကြိုတင်ကာကွယ်ရေးအတွက် ကြိုးပမ်းမှုရဲ့ အဓိက အာရုံစိုက်ရာလည်း ဖြစ်ပါတယ်။ လွယ်ဂျယ်နဲ့ ကန်ပိုက်တီဂိတ်တွေက ပြန်လာသူတွေကို စစ်ရေးရာမှာ သံသယရှိတဲ့သူတွေကို ဘော်ဒါဂိတ်နားမှာ စီစဉ်ပေးထားတဲ့ ကွာရန်တင်းစင်တာတွေမှာ (၂၁)ရက် နေထိုင်ရပါတယ်။ သံသယမရှိခဲ့ရင်တော့ မိမိတို့နေထိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို ပြန်ရပြီး သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းက အစိုးရကစီစဉ်ပေးထားတဲ့ နေရာတွေမှာ (၂၁)ရက်နေ့ ထိုင်ရမှာ ဖြစ်ပါတယ်။

ကချင်ပြည်နယ်ကို ပြန်လာသူတွေ အတွက်ကတော့ မြစ်ကြီနား၊ စီတာပူရပ်ကွက်မှာရှိတဲ့ ကုန်တင်ကုန်ချနေရမှာ စီမံခန့်ခွဲမှုတွေ ပြုလုပ်ပေးပြီး မိမိသက်ဆိုင်ရာမြို့နယ်ကို ပြန်ပြီး Quarantine ဝင်ကြရပါတယ်။

ကချင်ပြည်နယ် covid 19 ကြိုတင်ကာကွယ်ရေး ကွန်ရက်မှာပါဝင်သူ ကချင်ပြည်နယ် နယ်လှည့်ကျောပိုးအိတ်၊ ကျန်းမာရေးလုပ်သားအဖွဲ့မှာ တာဝန်ထမ်းဆောင်သူ တာဝန်ခံ Mr. Z က "ကုန်တင်ကုန်ချနေရာမှာ ဟိုဖက်က ပြန်လာတဲ့ သူတွေကို သက်ဆိုင်ရာဒေသတွေကို ပြန်လွှဲပေးတာတွေ၊ ကားစီစဉ်ပေးတာတွေ လုပ်ပေးနေပါတယ်။ ကားက တစ်စီးပြီးတစ်စီး၊ လူတစ်သုတ်ပြီးတစ်သုတ် ပြန်လာချိန် ပိုးသတ်ဆေးဖြန်းတာတွေက ကျွန်တော်တို့ လုပ်ပေးနေတာပေါ့၊ ညတွင်းခြင်း ပူတာအိုပို့မယ်ဆိုတာတွေကိုက အစိုးရက လုပ်ပေးတာပေါ့။ တချို့ပြည်တော်ပြန်တွေက ညအိပ်ရမယ့် သူတွေတစ်ခါတလေရှိတယ်။ မနေ့ကဆို ညနှစ်နာရီလောက်မှာ ပြန်ရောက်လာတော့ ပြန်လွှဲဖို့ခက်ခဲတာကြောင့် အိပ်လိုက်ရတာတွေ ရှိတယ်။ သူတို့ ၂ နာရီ ရောက်လာရင် ကျွန်တော်တို့လည်း ၂ နာရီထိ စောင့်ရတာပေါ့။ မနေ့ကလည်း ဟိုဖက်က ကား ၉ စီးရောက်မယ်ပေါ့ သတင်းတွေကရတယ်။ ဒါပေမဲ့လမ်းမှာ ကားပျက်တာတွေ ရှိတယ်။ ရောက်လာမယ့်အချိန် မရောက်ဘဲ စောင့်နေရတာတွေရှိတာပေါ့။ စီတာပူရပ်ကွက်မှာရှိတဲ့ ကုန်တင်ကုန်ချနေရာတွေမှာ ပြည်တော်ပြန်တွေကို ဧပြီလ(၁၆)ရက်နေ့က စတင်ပြီး လက်ခံပေးတာဖြစ်ပြီး ဧပြီလ(၂၇)ရက်နေ့အထိပြည်တော်ပြန်ဝင်ရောက်လာသူဦးရေ (၁၀၀၀) ကျော်ရှိပြီဖြစ်ကြောင်း သိရပါတယ်။ ဧပြီလ(၂၉)ရက်နေ့အထိ တရုတ်ပြည်မှ လူဦးရေ(၄၀၅၀၀) ကျော် ပြန်လည်ရောက်ရှိနေပြီး သောင်းနဲ့ချီ ပြန်လာဖို့ရှိတယ်လို့ ပြောဆိုနေမှုတွေလည်း ရှိပါတယ်။

အဖွဲ့အနေနဲ့ ကာကွယ်ရေးပစ္စည်း PPE ဝတ်စုံတွေ မလုံလောက်တဲ့အတွက်တော့ စိုးရိမ်မှုတွေရှိသလို ဆေးဖြန်းတဲ့ကိရိယာတွေနဲ့ ပိုးသတ်ဆေး မလုံလောက်တာတွေလည်း ရှိတယ်လို့ ဆိုပါတယ်။ တာဝန်ခံကိုစောမ်နောက သူတို့မှာရှိတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်ပြီး အသုံးပြုနေပုံကို အခုလို ပြောပြပါတယ်။

ပိုးသတ်ဆေးတွေ မလုံလောက်တာ ရှိတယ်။ ဆေးဖြန်းတဲ့ စက်ရိယာတွေ မလုံလောက်တာတွေရှိပြီး PPE ဝတ်စုံဆိုရင်လည်း တစ်နေ့ ၃ စုံသုံးတယ်ဆိုရင် အဲဒီဝတ်စုံကို ပြန်လျှော်ပိုးသတ်ပြီး နေပူပြန်လှန်းပြီး ခြောက်မှပြန်သုံးနေရတာဖြစ်တယ်။ အဲဒီအင်္ကျီမှာ အပေါက်ဖြစ်သွားရင် တိပ်နဲ့ပြန်ကပ်ပြီး ပြန်သုံးနေတာကြောင့် အခက်အခဲတွေ ဖြစ်နေတယ်လို့ ဆက်ပြောပါတယ်။

လက်ရှိချိန်မှာ စေတနာ့ဝန်ထမ်းကွန်ရက်အဖွဲ့မှာ PPE အင်္ကျီ (၇) စုံသာ ရှိတယ်လို့သိရပါတယ်။ Networkမှ အဖွဲ့ဝင်လူငယ်တချို့ကလည်း အမျိုးသမီးများကို quarantine ထားရှိတဲ့ သူနာပြုကောလိပ်နဲ့ အမျိုးသားများအားထားရှိတဲ့ မြစ်ကြီးနားသက္ကသိုလ်ရှိ ဖုန်ကန်ရာဇီအမျိုးသားဆောင်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ လိုအပ်တဲ့ သည်များကို ကူညီရင်း စောင့်ကြပ်ခြင်းတွေကို ပြုလုပ်ပေးလျက်နေပါတယ်။

Network မှာပါတဲ့ Back pack အဖွဲ့ကတော့ စစ်ဘေးရှောင်စခန်းတွေကို ပညာပေးလုပ်ငန်းတွေ လိုက်လံလုပ်ဆောငပေးနေတဲ့အဖွဲ့ပါ။ သူတို့အဖွဲ့ရဲ့ တာဝန်ခံ မစ္စတာZက "ကျွန်တော်တို့အဖွဲ့တွေက PPE ဝတ်စုံတွေ မရှိဘူး။ အပြင်ထွက်သွားပြီး လုပ်ငန်းစဉ်တွေ လုပ်ပြီးပြန်လာတဲ့အချိန် အင်္ကျီတွေကို အပြင်မှာချွတ်ပြီး ရေမိုးချိုးပြီး အိမ်ထဲဝင်နေရတဲ့အခြေအနေဖြစ်တယ်။ ဆေးဝါးပစ္စည်းတွေ အနေနဲ့က စစ်ဘေးရှောင်စခန်းတွေမှာ ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူတို့ကို positive ပေါ်လာလို့ရှိရင် ဘေးပတ်ဝန်းကျင်တွေကို ဘယ်လိုကြိုတင်ကာကွယ်တဲ့နေနဲ့ ပညာပေးလုပ်တာတွေ၊ ပိုးသတ်ဆေးကို ဘယ်လိုဖျော်စပ်ရတယ်ဆိုတာတွေကို သင်ကြားပေးတယ်၊ ဘယ်လိုနေရာတွေမှာ အဓိက ပိုးသတ်ဆေးဖြန်းရမယ် ဆိုတာတွေကို သင်ပေးတယ်။ ဒီဆေးတွေကိုတော့ အလှူရှင်တွေက ကူညီပေးနေတာ. . . မြစ်ကြီးနားမှာရှိတဲ့ စစ်ဘေးရှောင်စခန်းအားလုံးမှာ ဖြန်းပေးနေတာ ဖြစ်တယ်။ စစ်ဘေးရှောင်စခန်းမှာက ဖြစ်လာလို့ရှိရင် ထိန်းချုပ်မနိုင်တဲ့ နေရာတွေဖြစ်တယ်။ ပြည်နယ်အစိုးရအဖွဲ့မှ ပြောကြားချက်အရတော့ ကချင်ပြည်နယ်အတွင်း ကူညီပေးနေသူ စေတနာ့ဝန်ထမ်း၊ တစ်ထောင်ကျော် ရှိတယ်လို့ သိရပါတယ်။ ပြည်နယ်အစိုးရရုံး ညွှန်ကြားရေးမှူးဦးဇော်ဇော်က "သက်ဆိုင်ရာ ကွာရန်တင်းထားတဲ့နေရာတွေမှာဆိုရင် ဒေသခံမဟုတ်ရင် သွားတာလာတာ စီစဉ်ပေးတယ်။ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ စီစဉ်ပေးတယ်။ Quarantine လုပ်တဲ့သူတွေ ရက်ပြည့်လို့ပြန်ထွက်သွားရင် volunteer တွေက ဆက်လုပ်ချင်လည်းလုပ် မလုပ်ချင်ရင်လည်း သူတို့အတွက် ကွာရန်တင်း ပြန်ထားပေးတယ်။ တရုတ်က ပြန်လာတဲ့အဖွဲ့တွေကို လွယ်ဂျယ်၊ ကန်ပိုက်တီက ပို့တာတွေကို ဆေးဖြန်းပေးတာတွေ မှတ်ပုံတင်တွေ စစ်ဆေးပေးတယ်။ အဲဒီမှာ လုပ်ပေးနေသူတွေကိုလည်း ထမင်းကျွေးတယ်။ ရေသန့်တိုက်တယ်။ လိုအပ်တဲ့ ဆေးဖြန်းတဲ့အခါမှာ သုံးတဲ့ ပစ္စည်းတွေ ထုတ်ပေးတယ်"လို့ ပြောပါတယ်။

ကွန်ရက်ကိုပြည်နယ်ကျန်းမာရေးဌာနက နည်းပညာပိုင်းဆိုင်ရာတွေကို ထောက်ပံ့မှုတွေသာ ရှိတယ်လို့ တာဝန်ခံ ကိုစောမ်နောက ပြောပါတယ်။ ဒါပေမဲ့လည်း ကျန်းမာရေးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်မယ့် အစီအစဉ်တွေတော့ရှိတယ်လို့ ဆိုပါတယ်။ Network အနေနဲ့ငွေကြေးပိုင်းမှာ စိန်ခေါ်မှုတွေရှိတယ်လို့ သိရပါတယ်။ ပညာပေးမှုတွေ လုပ်ဆောင်ပေးနေပေမယ့်လည်း လိုက်နာမှုနည်းတဲ့အတွက် ဒီ့ထက်ပိုပြီးလုပ်ဆောင်ပေးဖို့လိုအပ်တယ်လို တာဝန်ခံ မစ္စတာ Z က ဆိုပါတယ်။


ဥပမာ မနက်စျေးမှာဆိုရင် နှာခေါင်းစည်းတွေလိုက်ဝေပေးတဲ့အခါမှာ တချို့တွေက လိုက်နာတာတွေ ရှိတယ်။ မလိုက်နာတာတွေရော တွေ့ရတယ်။ အဲ့လိုမျိုးဖြစ်တဲ့အခါကျတော့ လူထုကို အသိပညာပေးလုပ်ငန်းတွေကလည်း အများကြီး လိုဖို့ လိုအပ်နေသေးတယ်ပေါ့နော်။ အဓိကကတော့ ကြောက်စိတ်ပေါ့နော် တချို့တွေကကျတော့ ကိုယ်ကူးသွားရင်တောင်မှ မလိုဘူးဆိုပြီး ပစ်စလက်ခတ်နေတယ်ပေါ့နော်။ အသိပညာပေးလို့ မရနိုင်သေးတဲ့ နေရာတွေ အများကြီး ရှိသေးတယ်။ အသိပညာပေးလုပ်ငန်းတွေ အများကြီးပေးဖို့လည်း လိုနေသေးတယ်။

ကာကွယ်ရေးလုပ်ငန်းတွေဟာ ကချင်ပြည်နယ် ကျန်းမာရေးလုပ်သား အဖွဲ့တစ်ဖွဲ့တည်း လုပ်ဆောင်လို့ရတဲ့အရာ မဟုတ်တဲ့အတွက် အစိုးရကျန်းမာရေးဌာနတွေ၊ ပြည်သူတွေ ပူးပေါင်းပါဝင်ဖို့ လိုအပ်တယ်လို့ ဆိုပါတယ်။ ■

www.myitkyinanewsjournal.com http://www.facebook.com/myitkyinanewsjournal.mm Youtube - myitkyinanewsjournal

မြစ်ကြီးနားသတင်းဂျာနယ်
(မေ ၁၅၊ ၂၀၂၀)

## (၁၂. ၅. ၂၀၂၀) ရက်နေ့အထိ ကချင်ပြည်နယ်အတွင်း မြို့နယ်အလိုက် Quarantine ပြုလုပ်ထားသူများ၏ လူဦးရေစာရင်း




| | ဆေးရုံ သတ်မှတ်ထားသောနေရာ | လက်ရှိ Quarantine ထားသူ ဦးရေ | ဆေးရုံနှင့် သမှတ်နေရာများတွင် လက်ခံနိုင်သည့် ဦးရေ |
|---|---|---|---|
| နောင်မွန်း | ၃ | ၁ | ၂၀ |
| ပူတာအို | ၂၂ | ၃၃၀ | ၄၀၄ |
| မချန်းဘော | ၅ | ၁၈ | ၆၀ |
| ခေါင်လန်ဖူး | ၂ | - | ၅၀ |
| ဆွမ်ပရာဘွမ် | ၃ | ၄ | ၂၆ |
| တနိုင်း | ၆ | ၃၄ | ၁၃၅ |
| ဆော့လော် | ၂ | - | ၅ |
| အင်ဂျန်းယန် | ၅ | - | ၅၀ |
| ချီဖွေ | ၁၀ | ၉ | ၁၄၄ |
| မြစ်ကြီးနား | ၃၃ | ၄၂၉ | ၁၂၀၃ |
| ဖားကန့် | ၇၈ | ၇၀၇ | ၃၂၈၀ |
| ဝိုင်းမော် | ၃၇ | ၃၆၅ | ၁၄၂၅ |
| မိုးကောင်း | ၄၈ | ၆၄၁ | ၈၉၄ |
| မိုးညှင်း | ၆၈ | ၇၃၉ | ၁၄၀၆ |
| ဗန်းမော် | ၆၅ | ၈၄၈ | ၂၄၃၂ |
| မိုးမောက် | ၈၃ | ၁၈၈၆ | ၃၀၂၉ |
| မန်စီ | ၄၀ | ၃၁၂ | ၅၈၉ |
| ရွှေကူ | ၇၃ | ၃၇၇ | ၂၁၉၄ |

စောင့်ကြည့်ကာလအတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်းလက္ခဏာဖြစ်ပေါ်သူဦးရေ - ၁၉ ဦး

Quarantine (၂၁)ရက်ပြည့်ပြီး ပယ်ဖျက်သူ စုစုပေါင်းဦးရေ - ၉၄၃၉ ဦး

လက်ရှိ Quarantine ထားသူ စုစုပေါင်းဦးရေ ၆၇၀၀ဦး

တစ်ပြည်နယ်လုံးရှိ ဆေးရုံနှင့် သမှတ်နေရာများတွင် လက်ခံနိုင်သည့် လူဦးရေ စုစုပေါင်း ၁၇၃၆၁ဦး

data source - ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန

မြစ်ကြီးနားသတင်းဂျာနယ်

# နိုင်ငံတော်အစိုးရမှ စားနပ်ရိက္ခာ ထောက်ပံ့ပေးသည့် အစီအစဉ်တွင် နေရပ်ပြန်

## နန်ဆန်ယန် စစ်ရှောင်အိမ်ထောင်စု ထက်ဝက်ခန့် မရရှိ



မေ ၁၂

အစိုးရက Covid-19 ကြောင့် အခြေခံလူတန်းစားများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေးသည့် အစီအစဉ်တွင် ဝိုင်းမော်မြို့နယ်၊ နန်ဆန်ယန်ကျေးရွာရှိ စစ်ရှောင်အိမ်ထောင်စု ထက်ဝက်ခန့် မရရှိခဲ့ကြောင်း သိရသည်။

ယင်း ပြည်သူများသည် ၈ နှစ်ကြာ စစ်ဘေးရှောင်ပြီး မိမိဒေသတွင် ပြန်လည်နေထိုင်ကြသည့် သူများဖြစ်ပြီး နေရပ်ပြန် အိမ်ထောင်စု (၄၂) အိမ်ထောင်စုက ထောက်ပံ့မှုကို ရရှိပြီး၊ ကျန် အိမ်ထောင်စု (၅၀)ကျော်မှာ မရရှိကြောင်း စစ်ရှောင်နေရပ်ပြန်ရေးတွင် ပါဝင်ကူညီသူ ဦးဖော်လားကမ်ဖန်က ပြောသည်။

"အစိုးရက ပံ့မှန်ထောက်ပံ့နေတဲ့ တစ်အိမ်ထောင်ကို (၈)ပြည်ပေါ့။ ပံ့မှန်ထောက်ပံ့နေတဲ့ဟာနဲ့ ရောသွားတယ်။ အဲဒီ (၈)ပြည်ကလည်း (၉၈)အိမ်ထောင်စုလုံး ရသလားဆိုတော့ လည်းမရဘူး။ (၄၂)အိမ်ပဲ ရတယ်။ ကျန်တဲ့ (၅၀)ကျော်က တစ်ပြည်မှ မရဘူး။ ဒါလေးတွေ အခက်အခဲပေါ့နော်" ဟု ဖော်လားကမ်ဖန်က ပြောသည်။

ထောက်ပံ့ရာတွင် နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့် အချက် (၁၆) ချက်ဖြင့် ကိုက်ညီသည့် အိမ်ထောင်စုကိုသာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး အထက်ပါ အိမ်ထောင်စုများမှာ အချက်တစ်ခုခုနှင့် မကိုက်ညီခဲ့သောကြောင့် မရရှိခဲ့ခြင်းဖြစ်သည်။

ထောက်ပံ့ရေးအတွက် သတ်မှတ်ထားသည့် အချက် (၁၆)ချက်မှာ ကုမ္ပဏီဝန်ထမ်းမဖြစ်ရ၊ ကုန်စုံဆိုင်ရှိသော အိမ်ထောင်စုမပါ၊ လယ်ယာမြေနှင့် ကျွဲ၊ နွားပိုင်ဆိုင်သူများ၊ မော်တော်ယာဉ်နှင့် အခြားစက်ပစ္စည်းများ ပိုင်ဆိုင်သူမဖြစ်ရ၊ သီးနှံအထွက်ကောင်းသူများ မဖြစ်ရ၊ နိုင်ငံခြားနှင့် ထောက်ပံ့မှုရရှိသူနှင့် ငွေကြေးပြည့်စုံသူများမပါရှိရ၊ လက်လုပ်လက်စားဖြစ်ကြောင်း ဝန်ခံရမည်။ ကျေးရွာအုပ်ချုပ်ရေးနှင့် ရင်းနှီးသောသူများမပါရှိရ၊ ရပ်မိရပ်ဖ (၅)ဦးမှ လက်မှတ်ထိုးတင်ပြရမည်ဟု ပါရှိသည်။

ယင်းအပြင် အဖွဲ့အစည်းပုဂ္ဂိုလ်တစ်ဦးက အခကြေးငွေဖြင့် ငှားရမ်းသူမဖြစ်ရ၊ တောင်သူဖြစ်လျှင် လယ်ယာပိုင်ဆိုင်မှု မရှိစေရ၊ အလုပ်သမား ပုံမှန်အလုပ်မရှိသူ၊ ကျဘမ်းတစ်နေ့လုပ်တစ်နေ့စား၊ နိုင်ငံဝန်မထမ်းရ၊ ပင်စင်မစားရ၊ အုပ်ချုပ်ရေးပိုင်ဆိုင်ရာက ထောက်ခံပေးသောသူ ဖြစ်ရမည် စသည့်အချက်များကိုလည်း ကန့်သတ်ဖော်ပြထားသည်။

ထောက်ပံ့မှုမရရှိသော နေရပ်ပြန်ပြည်သူ အိမ်ထောင်စု (၅၀)ကျော်က ကန့်သတ်ချက်နှင့် မကိုက်ညီသော်လည်း လက်ရှိအချိန်တွင် အလုပ်အကိုင်အခက်ခဲကြောင့် အစိုးရမှ သေချာစဉ်းစားပေးစေလိုကြောင်း ဦးဖော်လားကမ်ဖန်က မြစ်ကြီးနားသတင်းဂျာသို့ ပြောသည်။

"အစိုးရကသေချာမစဉ်းစားမသုံးသပ်ဘူးလို့ အန်ကယ်အနေနဲ့မြင်တယ်။ ဘာကြောင့်လဲဆိုရင် သာမန်မြို့ပေါ်မှာနေတဲ့ လူတွေနဲ့ အိမ်ထောင်စုတွေနဲ့ ခုပဲမနေ့တစ်နေ့က ပြောင်းရွှေ့လာတဲ့ အိမ်ထောင်စုတွေက အင်မတန်မှ ကွာပါတယ်။ ဒါကတော့ ထားပါတော့။ အကုန်လုံးကို ပေးသင့်တယ်။ ဘာကြောင့် မပေးတာလဲ။ အချက်၁၆ချက်ကို ငြိစွန်းတာတော့ ဘယ်မှာနေနေ တစ်ခုမဟုတ် တစ်ခုတော့ ငြိကြမှာပဲ။ အဲ့ဒါကြောင့် ခြွင်းချက်အနေနဲ့ စဉ်းစားပေးသင့်ပါတယ်" ဟု ဦးဖော်လားဂမ်ဖန်က ရှင်းပြသည်။

မြန်မာ့ တပ်မတော်နှင့် ကေအိုင်အေကြား တစ်ကျော့ပြန် တိုက်ပွဲများကြောင့် နန်ဆန်ယန်ကျေးရွာသူ/သားများက (၈)နှစ်ကြာ စစ်ဘေး တိမ်းရှောင်ခဲ့ရပြီး ယခုအခါ နေရပ်သို့ ပြန်လည်နေထိုင် လာသည်မှာ တစ်နှစ်ကျော် ရှိပြီဖြစ်သည်။ ■

Ah Je